]]Zvirn twwxiczyon}}

## စာရေးသူထံမှ .....

ကျေးဇူးတော်ကြောင့် (၅၃) အုပ်မြောက်သော ညစဉ်ခွန်အားကို ရေးသားတင်ဆက်ဝေငှခွင့်ရခဲ့သောကြောင့် ဘုရားသခင်အား ကျေးဇူးတင်ပါ၏။ ဇူလိုင်လရောက်သောအခါ ရင်ခုန်စရာအများကို ပြန်၍ တွေးမိပါသည်။ ဇူလိုင်မှာ ကျွန်တော်မွေးဖွားခဲ့ပါသည်။ ဇူလိုင်လမှာ ကျောင်းစနေခဲ့ရပါသည်။ ဇူလိုင်လမှာ နှစ်ခြင်းခံယူခဲ့ပါ၏။ ဇူလိုင်လမှာ နှင်းဆီပျိုကိုလည်း စတင်ချစ်မိခဲ့ပါသည်။ . . . စသည်ဖြင့် ကျွန်တော့်ရာဇဝင်ထဲက ဇူလိုင်များကို ပြန်အောက်မေ့ရင်း ကျေးဇူးတော်အများကို ရေတွက်ခဲ့မိပါသည်။

လွန်ခဲ့သောနှစ်များက ဇူလိုင်မှာ အတူထိုင်၍ မိုးရေများ သွန်းဖြိုးနေသည်ကို ငေးကြည့်ရင်း နှင်းဆီပျိုက စကားတစ်ခွန်းကို ကျွန်တော့်အား ပြောပြခဲ့ဖူးပါသည်။

"ဇူလိုင်လမှာ မိုးတွေက အရမ်းရွာတော့ မုဆိုးတွေက ကုန်းမြင့်မြင့်၊ လင့်စင်မှာ ငြိမ်ပြီးနေကြသတဲ့။ ရှေ့ဆက်ဘယ်လို သားကောင်းကို ဖမ်းမလဲဆိုတာကို တွေးတောဆင်ခြင်ပြီး နွေကာလအတွက် အစီအစဉ်ချမှတ်ထားပေါ့။ ဇူလိုင်လဆိုတာ ဘဝအတွက် အရမ်းအရေးကြီးတဲ့ ဆုံးဖြတ်ချက်နေ့ရက်ကာလပဲ. . .။ အဲဒါ သူ သိလား"

မသိဘူးဟု ပြော၍ ပုခုံးကို ဖြတ်ကနဲရိုက်ကာ မသိရင်မှတ်ထားဟု ရယ်ရယ်မောမော ပြောခဲ့တာကို ပြန်သတိရရင်း. . . ယခုအခါ ကျွန်တော်တို့၏ ဝိညာဉ်ရေးမှာလည်း ရှေ့ဆက်အသက်တာအတွက် ငြိမ်ဝပ်စွာနေလျက် ခွန်အားယူရမည့် အချိန်ကာလတစ်ခုဟု ဆင်ခြင်ကြပါစို့။

အစဉ်သဖြင့် . . .



(ဆိုး)



■ **Author & Editor: ဆိုး ■ Supporter: သန္တာရွှေ**
■ **Distribution : သွဲ့ဖော၊ မူအိုင်း၊ နေခြည်နွေးနွေး၊ ထူးအုပ်စိုး၊ ထွန်းထွန်းဇော်၊ လယ်လားရှီး ■ Admin : တွယ်တာထွန်း၊ အယ်ခူ၊ ဒင်နီယယ် ■ Logo : မျိုးမင်းသော် (Bible league)**
■ **Design: စစ်ငြိမ်းအေး ■ Address : ၈၉၃ (ခ)၊ ည/၁၁ ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ် (၃)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။ ■ တဆင့်ဖုန်း ၆၁၀ ၄၂၇၊ ၆၁၀ ၉၉၄၊ ၆၁၀ ၉၉၃ ■ Cover: K.P.T Group ■ ခရစ်ယာန်အသင်းတော်အတွင်းကန့်သတ် ဖြန့်ဝေသည်။ တန်ဖိုး-ဓမ္မဒါန ■ မျက်နှာဖုံးရှင် မိုးပွင့်ဖြူစင်သန့် (မှော်ဘီ)၊ ဖိလစ်ဂျိုး (အင်းစိန်)၊ နော်ကလူမူခိုး (ပိုက်ကျုံး)**

**ဗက်လင်ကြယ်. . . မှ စီစဉ်တင်ဆက်သည်။**

**ဇူလိုင်လ (၁) ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)**

သင်သည်သူနှင့် စကားပြော၍ သူပြန်ပြောစရာစကားကို ပေးရမည်။ သင်၏နှုတ်၌၎င်း၊ သူ၏နှုတ်၌၎င်း ငါရှိ၍သင်တို့သည်အဘယ်သို့ ပြုကြရမည်ကို ငါသွန်မည်။ (ထွက်မြောက်ရာကျမ်း၊ ၄း၅)

---

## "တွဲဖက်ကောင်း ..."

သမ္မာကျမ်းစာ၌ ဘုရားသခင်တွဲဖက်ထားသော သူများကိုတွေ့ရပါ၏။ သူတို့သည် အမှုတစ်ခု၌ အောင်မြင်ခြင်းကိုရဖို့ရန် ပူပေါင်းဆောင်ရွက်ခွင့်ကို ဘုရားသခင်ပေးပါသည်။ အထက်ပါကျမ်းစာ၌ မောရှေနှင့်အာရုန်ကို တွဲဖက်ကာ ဖာရောဘုရင်အား ရင်ဆိုင်လျက် လူမျိုးတော်အတွက် အရေးဆိုစေခဲ့ပါသည်။ စကားအ, သောမောရှေကို အားပေးလျက်၊ သင်၌လည်ကောင်း၊ သူ၌ ၎င်းငါရှိ၍. . . ဟု ခွန်အားပေးဂတိပြုခဲ့ပါ၏။ မောရှေနှင့် အာရုန်နည်းတူ များစွာသောအတွဲအဖက်ကို ဘုရားသခင်စီစဉ်ခဲ့ရာ၊ ယောရှုနှင့်ကာလက်၊ ဒါဝိဒ်နှင့်ယောနသန်၊ ရုသနှင့်နောမိ၊ ဧလိရှဲနှင့်ဧလိယ၊ ပေါလုနှင့်တိမောသေ၊ စသည်တို့ကို ကျမ်းစာ၌တွေ့ရပါသည်။ တစ်ဦးကိုတစ်ဦးဖေးမလျက် အမှုဆောင်ခြင်းကို အောင်မြင်ခွင့် ပေးခဲ့ပါ၏။

၁၈၄၂ ခုနှစ်၌ မွေးဖွားသောဂီတပါရမီရှင် စူလီဗန် (Arthur Sullivan) သည်အသက် ရှစ်နှစ်၌ပင် တူရိယာအမျိုးမျိုးကိုနိုင်နင်းစွာ တီးမှုတ်နိုင်ခဲ့၏။ အသက်(၁၂)နှစ် အရွယ်တွင် တော်ဝင်ဝတ်ပြုကျောင်း (Chapel Royal) ၌ သံစုံခေါင်းဆောင်ဖြစ်လာပါပြီ။ အသက် (၁၄)နှစ်မှာ နိုင်ငံရပ်ခြားဆို ဂီတပညာတော်သင်ခွင့်ကိုရသော အိုင်းရစ်လူငယ်ကလေးသည် ဥရောပတစ်ခွင်မှာ ဂီတပညာများစွာကို ထပ်ကာထပ်ကာဆည်းပူးသော်လည်း သူ့အတွက် စင်မြင့်တစ်ခုကိုတော့ ရှာမတွေ့ခဲ့ပါ။ တစ်နေ့တွင်တော့ စာရေးဆရာဂေးလ်ဘတ် (William Schwenk Gilbert)နှင့် သိကျွမ်းလျက်နှစ်ယောက်သား ခင်မင်ရင်းနှီးသွားသည့် နောက်မှာ၊ ဂီတများကိုဖန်တီးကြပါ၏။ နှစ်ယောက်ပူးပေါင်းလျက် ဂေးလ်ဘတ်နှင့် စူလီဗန် (Gilbert and Sullivan) အမည်ဖြင့် ဂီတအလုပ်များကို လုပ်သောအခါ လျှမ်းလျှမ်း တောက် အောင်မြင်ကြပါ၏။ များစွာသော အနုပညာလက်ရာများကို အတူတကွဖန်တီး၍ ဂီတလောကအတွက် အမွေအနှစ်များစွာ ချန်ထားခဲ့နိုင်ပါ၏။ အသက်ရှင်စဉ်၌သာမဟုတ်။ သေလွန်ပြီးသည့်နောက်မှာပင် ဂေးလ်ဘတ်နှင့် စူလီဗန်သည် ဂီတသမားများစွာတို့၏ ဆရာ ဖြစ်နေခဲ့ပါ၏။

ကျွန်တော်တို့၏ အသက်တာမှာလည်း တွဲဖက်ထားသော မိသားစုကို ဘုရားသခင် ပေးပါသည်။ ဘုရားသခင်ပြင်ဆင်ရွေးချယ်ပေးသော တွဲဖက်များသည် တကယ်တော့ ကျွန်တော်တို့အတွက် အကောင်းဆုံးပါပဲ။ ဤတွဲဖက်ကောင်းများကို ရသဖြင့် ဘုရားသခင်ကိုကျေးဇူးတင်ရပါမည်။ ဤတွဲဖက်များပါဝင်လျက် ဘုန်းတော်ထင်ရှားစေခြင်းငှါ အောင်မြင်သောအမှုကို ဘုရားရှင်ခွင့်ပြုမည်ကို သိမှတ်နားလည်ကြဖို့သာရှိပါ၏။



**ဇူလိုင်လ (၂) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

အို၊ ထာဝရဘုရား၊ ကိုယ်တော်သည် နိစ္စထာဝရဖြစ်တော်မူ၏။ နာမတော်သည် ကာလအစဉ်အဆက် တည်၏။ ကိုယ်တော်သည် ပြောင်းလဲတော်မမူပါ။

(ဆာလံကျမ်း၊ ၁၀၂း၁၂)

---

## "ပြောင်းလဲတော်မမူ ..."

ဘုရားရှိခိုးကျောင်း အဟောင်းကလေးကို အောက်မေ့၍ ရွာသို့ပြန်သောအခါ မျှော်လင့်ထားသလို မဟုတ်တော့ပါ။ သစ်သားကျောင်းကလေးသည် ပြောင်းလဲ၍ တိုက်ခံကျောင်းကြီးဖြစ်ရုံမက၊ နုပျိုသောလူငယ်တို့၏ ခေတ်သစ်တူရိယာပစ္စည်းများဖြင့် ချီးမွမ်းသံက ကျယ်လောင်နေပါ၏။ ကျောင်းနံဘေးက စံပယ်ပန်းရုံနှင့် သစ်တိုပင်တို့ မရှိတော့ပါ။ သိသောသူအများရှားပါးလျက်. . . ငြော်ပြောင်းလဲသွားပါလားဟု နားလည်ခွင့်ရပါ၏။ ငယ်စဉ်က သူငယ်ချင်းများထဲက တစ်ယောက်စ နှစ်ယောက်စကို ဟိုတုန်းကလို ရွှင်ရွှင်လန်းလန်း မမြင်ရပဲ၊ အိုအိုမင်းမင်းဖြစ်နေသည်ကို တွေ့ရလျှင် ရယ်လည်းရယ်ချင်၊ ကိုယ့်ကိုယ်ကိုလည်း ဆင်ခြင်မိပါသည်။ ကျွန်တော်တို့သည် ပြက္ခဒိန်စာရွက်တို့ကို တစ်ရွက်ပြီး တစ်ရွက်ဆုတ်ပစ်နေရ၏။ လူ့ဘောင်လောကကြီးသည် တစ်ခုပြီး တစ်ခု ပြောင်းလဲနေသည်။ ကျွန်တော်တို့သည်လည်း တစ်ရက်ပြီး တစ်ရက်၊ တစ်လပြီး တစ်လ၊ တစ်နှစ်ပြီး တစ်နှစ် ပြောင်းလဲကြီးရင့်လာနေသည်။ အသင်းတော်သည်လည်း ပြောင်းလဲနေသည်။

ပြောင်းလဲမှုများကို ရင်ဆိုင်ရသောအခါ တစ်ခါတစ်ရံ မနှစ်မြို့ပဲ တစ်ခါတစ်ရံ တုန်လှုပ်ခြောက်ခြားတတ်သည်။ သို့သော်ပြောင်းလဲမှုရှိမှသာ ဆန်းသစ်မှုရှိပါ၏။ မပြောင်းလဲပဲတန့်နေလျှင် ဟောင်းနွမ်းရင့်ရော်လာ၍ ဘဝအသက်တာသည် ငြီးငွေ့စရာ ဖြစ်လာသည်။ ပြောင်းလဲမှုဆိုသည်မှာ လူတို့၏ အကျိုးအတွက် ဖြစ်သည်။ လူတို့ကို ရင့်ကျက်လာစေပါ၏။ သို့သော် ကိုယ်တော်သည် မည်သည့်အခါမျှ မပြောင်းလဲ. . . ဟု ဆာလံဆရာက ဘုရားသခင်အပေါ်၌ ယုံကြည်စိတ်ချမှုကို ဖော်ပြပါသည်။ သေခြင်းမရှိဟူ၍ ကျမ်းစာက မဆိုလိုပါ။ သို့သော် သေမင်း၏ အရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့ လျှောက်ထားသော်လည်း ဘေးအန္တရာယ်ကို ကြောက်ရန် အကြောင်းမရှိကြောင်း ဆိုခဲ့ပါ၏။ စစ်မက်အင်္ဂါဖြစ်ပွားမှု မရှိဟု ကျမ်းစာကမဆိုလိုပါ။ သို့သော်. . . 'အခြားသူတို့သည် အကျွန်ုပ်ကို ဖျက်ဆီးခြင်းငှါ လာရောက်ကြသော်လည်း ကိုယ်တော်ကိုသာခိုလှုံပါ၏'ဟု ဆိုခဲ့ပါ၏။

အသင်းတော်သည် ပြောင်းလဲနေသော်လည်း ခရစ်တော်၏ အသင်းတော်သည် ကမ္ဘာကုန်ဆုံးသည့်တိုင်အောင် အမြဲတည်ရှိနေပါလိမ့်မည်။ လူ၏ပြင်ပန်းရုပ်သဏ္ဍာန်ပြောင်းလဲသော်လည်း အတွင်းစိတ်ထားမပြောင်းလဲပဲ ရှိတတ်ပါ၏။ မည်သည့်အရာ ပြောင်းလဲနေသော်လည်း ခရစ်တော်သည် အပြစ်သားတို့၏ မိတ်ဆွေ၊ အနာရောဂါကို ပျောက်စေသူ၊ လူသားတို့ကို ကယ်တင်သူအဖြစ်နှင့် ဘယ်သောအခါမျှ မပြောင်းလဲပါ. . . မိတ်ဆွေ။

သင်တို့အသက်ကြီး၍ ဆံပင်ဖြူသည်တိုင်အောင် ငါသည်ထိုသို့သောသူဖြစ်၍ သင်တို့ကို ဆောင်ရွက်မည်။ ငါပြုခဲ့ပြီးသည်အတိုင်း၊ ထမ်းဦးမည်။ ဆောင်ရွက်၍ ကယ်တင်မည်။ (ဟေရှာယ၊ ၄၆း၄)

# "ပြုခဲ့ပြီးသည့်အတိုင်း ..."

(၁၉)ရာစု၌ ထင်ပေါ်ကျော်ကြားခဲ့သော သာသနာပြုဆရာကြီး ဟင်နရီမူးဟောက်စ်သည် သူ၏ သာသနာ့တာဝန်များ၏ ဖိအားများကို ပြင်းထန်စွာခံစားခဲ့ရဖူးပါ၏။ ထိုအခါ အလွန်ပင်စိတ်အားငယ်လျက် ရှိပါသတဲ့။ တစ်နေ့သောအခါ ခြေနှစ်ဖက်တွင် လေဖြတ်သဖြင့် ဘီးတပ်ကုလားထိုင်ပေါ်တွင် ထိုင်နေသောသမီးငယ် မင်နီကို အိမ်ပေါက်ဝတွင် တွေ့ရပါ၏။ ဆရာကြီးသည် သူ၏ ဇနီးအတွက် ဝယ်ယူခဲ့သောအထုပ်တစ်ခုကို အိမ်အပေါ်ထပ်သို့ ယူသွားမည်ပြုသောအခါ သမီးငယ်က အဖေ အဲဒီအထုပ်ကို သမီးသယ်ပေးမယ်လို့ ပြောပါသည်။ အဖေ၊ အဲဒီအထုပ် သမီးမသယ်နိုင်တာ။ ဒီအထုပ်ကို သမီးဘယ်လိုသယ်မှာတုံးဟု မေးလျှင် မင်နီက လှပစွာပြုံး၍. . .

သမီး သိပါတယ်အဖေရယ်။ ဒါပေမယ့် အဖေက ဒီအထုပ်ကို ပေးထားပါ။ သမီးက အထုပ်ကိုင်ထားမယ်လေ။ ပြီးတော့. . . အဖေက သမီးကိုချီပြီး အပေါ်ကို တက်သွားရင် ရတာပေါ့. . . ဟုဖြေပါသတဲ့။ တစ်ခဏတွင် ဆရာကြီး၏ ဦးနှောက်မှာ အသိဉာဏ်တစ်ချက်လင်းလက်သွားပါ၏။ ဤနာမူနာကို ယူပြီး သူနှင့် ဘုရားသခင်၏ ဆက်စပ်မှုကို နားလည်သွားကာ၊ သူထမ်းနေရသော ဝန်ထုပ်များအကြောင်းကို သတိရမိပါ၏။ သူသည်သာသနာ့ဝန်ကို ဖက်တွယ်ထားရသော်လည်း ဘုရားသခင်က သူ့ကို ချီပိုးထားလျှင် အလွန်ပင်သာတောင့်သာယာနှင့် ခရီးရောက်နေသည်ကို တွေးမိပါ၏။ တကယ်လည်း ထိုအတိုင်းပင် ယုံကြည်လိုက်လျှောက်ခဲ့သဖြင့် ဆရာကြီး ဟင်နရီမူးဟောက်စ်သည် (၁၉) ရာစုနှစ်များတွင် ဘုရားသခင်အသုံးပြုခြင်းကို ခံရလျက် အောင်မြင်ထင်ရှားသောဝိညာဉ်ရေးလုပ်သားကြီး ဖြစ်ခဲ့ပါသည်။

သိန်းနှင့်ချီသော ဣသရေလအမျိုးသားများစွာကို ဘုရားသခင်သည် အဲဂုတ္တုပြည်မှ ချီဆောင်ခဲ့ပါသည်။ သမ္မာကျမ်းဝင်အဖြစ်အပျက်တို့အားဖြင့် ခွန်အားယူနိုင်ကြပါ၏။ ထိုသိန်းချီရှိသော လူများကိုပင် သခင်ဘုရားသည် သယ်ဆောင်နိုင်သေးလျှင် ကျွန်တော်တို့ တစ်ယောက်စီကို မယူနိုင်၊ မဆောင်နိုင်ပဲမရှိပါ။ အသက်ငယ်စဉ်၌သာမဟုတ် အသက်ကြီး၍ ဆံပင်ဖြူသည်အထိ ရှည်လျားသောနှစ်ပရိစ္ဆေဒ၊ ကာလများ၌လည်း ကိုယ်တော်သည် သမ္မာကျမ်းစာ၌ ပြုခဲ့ပြီးသည့်အတိုင်း၊ ထမ်းဦးမည်၊ ဆောင်ရွက်ဦးမည်. . . ဟု ဂတိတော်ရှိပါသည်။ သို့ဖြစ်၍ လောက၏ ဝန်ထုပ်ဝန်ပိုးများအောက်မှာ ဘယ်တော့မှ ပိခံရနေမည် မဟုတ်သလို၊ ကျွန်တော်တို့ တောင်းလျှောက်သောအခါ၊ ကျွန်တော်တို့၏ ဝန်များကိုသာမက၊ မိမိကိုယ်ကိုပင် ချီပင်မည်သောကြောင့် ကယ်တင်တော်မူသော ဘုရားကို အားကိုး၍ သက်သာခွင့်ကို ရကြပါစို့။



သင်တို့သည် ဘုရားသခင်၏ ချစ်သားဖြစ်ကြသည်နှင့်အညီ သင်တို့သည် မေတ္တာတရား၌ ကျင်လည်ကြလော့။ (ဧဖက်သြဝါဒစာ၊ ၅း၁-၂)

# "ဘုရားသခင်၏သား..."

လွန်ခဲ့သော အနှစ် (၃၀) က ဇူလိုင်လ (၄) ရက်သည် တနင်္ဂနွေနေ့ဖြစ်ပါသည်။ ထိုနေ့တွင် ကျွန်တော်နှစ်ခြင်းမင်္ဂလာခံယူခဲ့ပါ၏။ ကျွန်တော်နှင့်အတူ နှစ်ခြင်းခံကြသော သူငယ်ချင်းနှစ်ယောက်မှာ မုရန်နှင့် ရာခေလတို့ဖြစ်၍ ယခုအခါ ရာခေလသည် ကောင်းကင်နိုင်ငံသို့ ပြန်သွားပါပြီ။ မုရန်ကလည်း ဝေးသောအရပ်မှာရှိ၍ မတွေ့ရတာတာပါပြီ။ သို့သော် ဇူလိုင်လ (၄) ရက် ရောက်တိုင်း သူတို့ကို အထူးအောက်မေ့၍ ကျေးဇူးတော်ချီးမွမ်းခြင်း စည်းဝေးပြုသောအခါ ဆရာများကို သူတို့အတွက်လည်း ဆုတောင်းပေးဖို့ ပြောမိပါ၏။ ညီမများက တစ်ခါတစ်ရံ စကားနားထိုးပါ၏။ ကျွန်မတို့အတွက် ဆုတောင်းရမှာ မေ့ချင်မေ့မယ်။ သူအမျိုးတွေကိုတော့ တော်တော်သတိရ ဟု ပြောလျှင် ရှင်းပြရပါ၏။ တကယ်တော့ တို့တတွေက အတူတကွ ဒုတိယမွေးချင်းကို ယူကြတာလေ။ မောင်နှမပဲပေါ့။ သူတို့လည်း မလဲမပြိုအောင် ဆုတောင်းပေးရမှာ ဟု ပြောပြရပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီး နေ့တစ်နေ့တွင် ပင်လယ်ကူးသင်္ဘောကြီးနှစ်စင်းသည် ယှဉ်၍ရပ်ထားပါ၏။ တစ်စီးက အမေရိကန်သင်္ဘော၊ တစ်စီးက ဂျပန်သင်္ဘောဖြစ်ပါသည်။ သူတို့သည် မိမိတိုင်းနိုင်ငံသို့ ပြန်ရန်စောင့်စားနေကြပါသည်။ သတ်မှတ်ရက်နောက်ကျသည့်အခါ သင်္ဘောပေါ်ရှိ စစ်သားများသည် တစ်ဖက်သင်္ဘောဆီသို့ အပြန်အလှန် ငေးမောနေကြပါသည်။ ရုတ်တရက် တစ်စုံတစ်ယောက်မှ 'အရှေ့အနောက်၊ တောင်မြောက်နိုင်ငံ ခရစ်တော်၌မရှိ' ဟူသည့် ဓမ္မသီချင်းကို စတင်သီဆိုရာ တခဏတွင် အခြားသင်္ဘောမှလည်း ပါဝင်၍ လိုက်ဆိုလေ၏။ ပင်လယ်ကမ်းအနားမှာ ဓမ္မသီချင်းတစ်ပုဒ်ကို သင်္ဘောနှစ်စီးက သံပြိုင်သီဆိုရာ အံ့သြဖွယ်သတင်းစကားဖြစ်ခဲ့ပါသည်။ စင်စစ် တစ်ချိန်တုံးက ရန်သူစစ်စစ်ဖြစ်ကြပါ၏။ သို့သော် ယခုအခါတွင် ညီညီညာညာ၊ တစ်စိတ်တစ်ဝမ်းတည်းဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကို စိတ်နှလုံးပါလျက် အတူတကွ ချီးမွမ်းနိုင်ကြပါသည်။ ထို့နောက်တွင် သင်္ဘောတစ်စီးက အရှေ့ဆီသို့၊ နောက်တစ်စီးက အနောက်ဘက်ဆီသို့ ခွဲခွာခုတ်မောင်းသွားပါ၏။ ခရစ်တော်၌ ယုဒလူမရှိ ဟေလသမရှိ. . . ဟူသော ကျမ်းစာကို ဆင်ခြင်ကြပါစို့။

သခင်ဘုရား၏ အသွေးတော်နှင့် ဝယ်ယူခြင်းခံရ၍ ကိုယ်တော်ကို ယုံကြည်သောသူအပေါင်းတို့သည် ကွဲပြားခြင်းမရှိ၊ ခြားနားခြင်းမရှိ၊ အတူတကွဖြစ်သောကြောင့် ဘုရားရှင်၏ သားသမီးအားလုံးဖြစ်သည်ကို အောက်မေ့ရပါသည်။ ဓမ္မသီချင်း (၃၅၉) ၌ ယုံကြည်သူအပေါင်း စုရုံးကြ၊ လူမျိုးခြားဖြစ်လျက်ပင် အဘအလိုလိုက်လျှောက်သောသား၊ ညီအစ်ကိုစစ် ဖြစ်လေဟု လာပါ၏။

**ဇူလိုင်လ (၅) ရက်၊ ၂၀၀၆ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

သဘောကောင်းသောသူသည် ကောင်းသောအကျိုးကိုမတွေ့တက်။ မိုက်သောသူသည် မိမိကိုယ်ကို ဝမ်းနည်းစေတတ်၏။ မိုက်သောသူ၏အဘ၌ ဝမ်းမြောက်စရာအကြောင်းမရှိ။ (သုတ္တံကျမ်း ၊၁၇း ၂၁)

## "ကောင်းသောအကျိုး ..."

မိဘ၏ကျေးဇူးကိုမသိသော သားသမီးတစ်စု၏ အိမ်သို့ အဖိုးကြီးတစ်ယောက်ရောက်သွားသောပါသည်။ သူ၏သားသမီးများကို ကောင်းစွာပြုစု၍ သူကိုယ်တိုင် အသက်အရွယ်ကြီးလာသောအခါ သားသမီးက ပြန်၍နားမထောင်ပါ။ တုံ့ပြန်၍ မပြုစုတော့ပါ သားသမီးများ၏ အိမ်သို့တစ်အိမ်တက်ဆင်း လှည့်လည်သောအခါ၊ သားသမီးများက ဂရုမပြုကောင်းမွန်စွာမဆက်ဆံသောအခါ၊ ကြေကွဲနေရပါ၏။ ထိုအကြောင်းကို သူ့မိတ်ဆွေသိသောအခါ ကျောက်ခဲသေးသေးထည့်ထားသော အိပ်လှလှတစ်လုံးကိုပေး၍ ဖွင့်မကြည့်ဘဲကိုယ်နှင့်မကွာဆောင်ထားဖို့ အကြံပေးပါသည်။အဖိုးအိုသည် သူမိတ်ဆွေပြောသည့် အတိုင်းလုပ်ပါသည်။

သားသမီးများက ထိုအိပ်ကို စိတ်ဝင်စားကြပါသည်။ အဖေကတော့. . . တစ်ခုခုကိုသိမ်းထာတာပဲ။ ကြည့်ရတာ အဖိုးတန်တာပဲဖြစ်မယ် ဟုအောက်မေ့ကြပါ၏။ အချို့ကမူ. . . တော်တော်လည်တဲ့အဖိုးကြီး၊ ငါတို့ကို အမွေခွဲပေးတုန်းက ချန်ထားတယ်။ သူအတွက်တော့ သိတာပဲ ဟုဝေဖန်ကြသည်။ အဖိုးကြီးကအိပ်ရှုံ့ကလေးကို အည်သူ့မျှပေးမကိုင်။ ကိုယ်နှင့်မကွာ၊ ဒလစပ်ကိုင်ထားလျှင် သားသမီးများကပို၍ အထင်ကြီးလာပါ၏။ ဟိုကခေါ်ချင်၊ ဒီကခေါ်ချင်ဖြစ်လာပါသည်။ အကြံပေးသော သူမိတ်ဆွေနှင့်တယ်လီဖုန်းအကြောင်းပြောကြလျှင်၊ သားသမီးများက အဖေကတော့ တယ်လီဖုန်းပေါက်တာဖြစ်မယ်။ အဲ့ဒါပြန်ရောင်းရင် ဆယ့်လေးငါးသိန်းရတယ်။ ဒါပဲဖြစ်မယ်. . . ဟုတွက်ကာ၊ အဖေ၌ငွေဆယ်သိန်းမကရှိပြီ ဟုယုံကြည်ကြပါ၏။ ထိုနေ့မှစ၍. . . သူတို့၏ဖခင်ကို ပြန်လည် ပြုစုကြပါသည်။ တကယ်တော့. . အိုမင်းနေပြီဖြစ်သော ဖခင်သည် ကြာကြာရှည်ရှည်နေရဖို့မရှိတော့ပါ။ ထိုကာလတိုတိုကလေးကိုပဲ စေတနာ၊မေတ္တာကင်းမဲ့သော သားသမီးများအတွက် လှည့်စားချက်တစ်ခုကို ဖခင်အိုသည် စိတ်မကောင်းစွာပြုခဲ့ရပါသည်။ ဖခင်မရှိတော့လျှင် သူ၏အိပ်ကလေးကိုအလုအယက်ဖွင့်ကြည့်ကြ၊ ခွဲဝေကြဖို့လုပ်ပါသည်။ အိတ်ထဲမှာ . . . ကျောက်ခဲသေးသေး ဆယ်ငါးလုံးသာရှိပါသတဲ့။

သုတ္တံဆရာက မိုက်သောသူသည်အဘဝမ်းနည်းစရာအကြောင်း၊ မွေးသောအမိစိတ်ညစ်စရာ အကြောင်းဖြစ်၏. . . ဟု သွန်သင်ပါသည်။ သားသမီးတို့သည် မိုက်သောသူမဖြစ်ရပါ။ ပညာရှိသောသူ၊ လိမ္မာသောသူဖြစ်ရပါမည်။ ထွက်မြောက်ရာကျမ်းစာ၌မောရှေက. . . ထာဝရဘုရား ပေးသနားတော်မူသောပြည်၌ သင်၏ အသက်တာရှည်မည့်အကြောင်း၊ သင်၏မိဘကို ရိုသေစွာပြုလော့ ဟုပညက်ထားခဲ့ပါသည်။ ထိုပညက်ကိုပင် ရည်ညွှန်းလျှက် ရှင်ပေါလု၏ ဧဖက်သြဝါဒစာ၌. . . ဤပညက်တော်ကားသင်သည်ပြည်တော်၌ကောင်းစား၍အသက်တာရှည်မည့်အကြောင်း ဟူ၍ဂတိတော်နှင့်ဆိုင်သော ပဌမပညက် ဖြစ်၏. . . ဟုရေးသားခဲ့ပါသည်။



**ဇူလိုင်လ (၆) ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)**

ဘုရားသခင်သည် ခဏဆင်းရဲခံပြီးသော သင်တို့ကို စုံလင်တည်ကြည် ခိုင်ခံ့မြဲမြံစေတော်မူလိမ့်မည်။ (ရှင်ပေတရုသြဝါဒစာ ပထမစောင်၊ ၅း၁၀)

## "ခဏဆင်းရဲခံပြီး ..."

ချောင်းသာမှာ မာလာမုန်တိုင်းတိုက်ခတ်စဉ် နေ့ရက်မှာပဲ ကျွန်တော်တို့ရောက်ခဲ့ပါ၏။ ကျမ်းစာသင်တန်းကို ခေတ္တရပ်ကာ၊ ရွာထဲမှပြေးထွက်ခဲ့ရပါ၏။ အနောက်ဖက်မှာ ရေလိုက်လာသဖြင့် ကျွန်တော်တို့တစ်ဖွဲ့လုံး ရွာအရှေ့ဖက်၊ စကားဝါတောင်ဆီသို့ ပြေးတက်ကာတက်ရောက်ခိုနားရပါ၏။ အသက်ဘေး၊ အပြေးအလွှားကာလမို့ မည်သူ့ကိုမှ ဂရုမပြုအား။ နားမထောင်အား၊ သူ့ထက်ငါဦးအောင် ပြေးလွှားကြရင်း အဖွဲ့ထဲမှနော်သွဲဖောက သူ၏မြေးကို ဒရွတ်တိုက်ဆွဲကာပြေးပါ၏။ မြေးဦးကလေးမို့ အသည်းနစ်အောင်ချစ်လျက်အမြဲတစေ အလိုလိုက်ပါ၏။ သွားလေရာခေါ်၍ အစဉ်ဦးစားပေးသော်လည်း မြေးကအဖွားကို ဆိုးနွဲ့စမြဲမို့ မကြာခဏ ထော်လော်ကန့်လန့်လုပ်ပါသည်။ အခါတိုင်းတော့ ရတာပေါ့။ ဒီတစ်ခါတော့ မရတော့ပါ။ သူ့ခမျာ. . . မပြေးချင်ဘူး ပြောတာနဲ့ အဖွားက. . . ငါပါးပိတ်ရိုက်လိုက်မယ်. . . ဟုအော်ပါ၏။ မောတယ် အဖွား ဆိုတော့လည်း ငါ ပါးပိတ်ရိုက်လိုက်မယ်. . . ဟုသာ ဟောက်၏။ ကလေးဘာပြောပြော ဒေါ်သွဲဖော နားမဝင်တော့ပါ။ ငါ. . . ပါးပိတ်ရိုက်မယ်ဆိုတာပဲ ပြောနေရာ တစ်ခါမျှ ဒီလို ဆက်ဆံမှုကို မခံရသောကလေးက အံ့သြနေပါ၏။

ဘေးလွတ်လုံခြုံ၍ တောင်ပေါ်မှပြန်အဆင်းတွင် ပိုင်ရှင်မဲ့ဖိနပ်တွေ အများကြီး တောင်ပေါ်မှာကျန်ရစ်လေ၏။ ပြီးတော့လေတိုက်၍ ကြွေသောသစ်သီးများစွာကို တွေ့ရလျှင်ဒေါ်သွဲဖောက စုသိမ်းလျက် အိတ်ထဲမှာထည့်ကာ မြေးကို ထမ်းစေ၏။ သူမကလည်းဖိနပ်တစ်အိတ်နဲ့ပေါ့။ မြေးက မထမ်းချင်လျှင် သူက. . . ရခဲသောအခွင့်အရေးကြောင့်ငါ. . . ပါးပိတ်ရိုက်မယ်ဟု ကြိမ်းပြန်ရာ မြေးခမျာ အံ့သြကြောက်လန့်ရင်း ဖိနပ်များကိုထမ်းလာခဲ့ရပါ၏။ မာလာမုန်တိုင်းကြောင့် အဖွား၏လေသံသည် ပြင်းထန်နေသဖြင့် မြေးခမျာ အတော်ဗျာများသွားရပါသည်။ ဖိနပ်အိတ်ကြီးတစ်လုံးနှင့် တောင်ပေါ်မှ ကုန်းကုန်းကွကွ ဆင်းလာခဲ့ရပါသည်။

လောက၌ အစဉ်အမြဲသာတောင့်သာယာ ဖြစ်စေသည်မဟုတ်။ မမျှော်လင့်သောအချိန်မှာ. . . ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် စုံစမ်းခြင်းကို ကြုံရပါသည်။ ညဦးယံ၌ ငိုကြွေးခြင်းသည်လာ၍တည်းခို၏. . . ဟု ဆာလံဆရာက ဖော်ပြထားပါသည်။ သို့သော် မိုးမသောက်မှောင်မိုက် အရိပ်မပြေးမီကာလအထိသာ ခဏဆင်းရဲခံရပါမည် ဖြစ်ပါသည်။ ထိုဆင်းရဲခံရသောအချိန်ကလေးမှာ၊ မြဲမြံတည်ကြည်သော စိတ်သဘောရှိရပါမည်။ ပျာယာခတ်လျက် ဒေါ်သွဲဖောကဲ့သို့ တွေ့တွေ့သမျှကို ရန်ရှာလျက်၊ မေတ္တာလျော့သောအကြောင်းကို မပြုရပါ။ ရှင်ပေါလုက. . . သူခံရသော ဒုက္ခနှင့် ပတ်သက်၍ "ယခုမျက်မှောက်ကာလ၌ ခံရသောဆင်းရဲဒုက္ခကို ပဏာမမပြုထိုက်" ဟု ဝါကြွားခဲ့ပါသည်။ (ရော၊ ၈း၁၈)သမ္မာကျမ်းစာကဂတိပြုသောအချက်မှာ. . . နံနက်ယံ၌ကား သီချင်းဆိုရသောအခွင့်ရှိ၏. . . ဟူ၍ ဖြစ်သည်ကိုသိမှတ်၍ ခွန်အားယူကြပါစို့။

ဩဇကို ထာဝရဘုရား ဒဏ်ခတ်တော်မူသောကြောင့် ဒါဝိဒ်သည် ညှိုးငယ်သော စိတ်ရှိ၏။ထိုအရပ်သည် ယနေ့တိုင်အောင် ပေရဇာဇ အမည်တွင်သတည်း။ (ဓမ္မရာဇဝင် ဒုတိယစောင်၊ ၆း၈)

---

# "စေတနာအမှား ..."

ကျွန်မတို့အိမ်ထောင်မှာ အိုးသူကြီးဖြစ်ခဲ့ရပါ၏။ မိဘများမှာ ဝန်ထမ်း၊ အငြိမ်းစားများ ဖြစ်၍ မချောင်လည်ကြပါ။ ဆန်ဆီဆား . . . အခြေခံစားကုန်များအတွက် မိခင်ကိုငွေတောင်းရန်အားနာ၍ အချိန်မီမပြောမိသောကြောင့် မကြာခဏပင် ပြဿနာဖြစ်ရပါ၏။ ဆန်အိုးထဲမှာ ဆန်မကုန်ခင် အမေ့ကိုပြောရန်ဖြစ်သော်လည်း အမေ၏နွမ်းနယ်မှုကိုသိ၍ အချိန်မီသတင်းမပို့ဖြစ်ပါ။ ထို့ကြောင့်ပင် မိသားစု၏ စားရေးသောက်ရေး ကသုတ်ကရက်ဖြစ်ခဲ့ရပါသည်။ အမေ့ကိုသနား၍ စိတ်သောကမရောက်စေချင်သော ဆန္ဒရှိခဲ့သော်လည်း အမေဒုက္ခဖြစ်အောင် မကြာခဏပြုမိသလို ဖြစ်ခဲ့ရသည်ကို စိတ်မကောင်းစွာမှားမှားယွင်းယွင်းပြုခဲ့မိပါ၏။

ဓမ္မဟောင်းကျမ်းစာထဲမှာ ဩဇသည် ပဋိညာဉ်သေတ္တာလှည်းပေါ်မှ ပြုတ်ကျမည်ကိုစိုးရိမ်သောကြောင့် စေတနာစိတ်ဖြင့် သေတ္တာတော်ကို လက်ဖြင့်ထိန်းပေးမိခဲ့ပါသည်။ ဩဇရသောအဖြေမှာ သေတ္တာတော်ကိုကိုင်ရန် မထိုက်တန်သောကြောင့်၊ ဘုရားသခင်၏ ဒဏ်ခတ်တော်မူခြင်းကို ခံခဲ့ရပါသည်။ အမှန်စင်စစ်ဩဇ၏အမှားသည် စေတနာအမှားသာဖြစ်သော်လည်း၊ ဤအမှားကြောင့် အသက်ကိုစတေး၊ ပေးဆပ်ခဲ့ရပါသည်။ ခရစ်ဝင်ကျမ်းမှာ. . . သခင်ယေရှု၏ အမှုတော်ဆောင်ခြင်းကို တားဆီးနှောင့်ယှက်သော ဖာရိရှဲများကို သတိပြုမိကြပါလိမ့်မည်။ စင်စစ်. . . ဖာရိရှဲတို့သည် လူဆိုးများမဟုတ်ပါ။ ထာဝရဘုရားသခင်အပေါ်မှာ စေတနာစိတ်ကြီးသူများ ဖြစ်ပါ၏။ ဘုရားသခင်၏ ပညတ်တော်များကိုလည်း ဂရုပြုလျက် အခြားသူများကိုလည်း မမှားမယွင်းရအောင် စေတနာစိတ်ရှိသော်လည်း သူတို့၏အမှားက ကယ်တင်ခြင်းကိုဆုံးရှုံးစေခဲ့ပါသည်။ ခရစ်ဝင်ကျမ်းများ၌လည်း အပြစ်တင်ခံရသော သူများဖြစ်ခဲ့ရပါသည်။

ထိုအကြောင်းကို ဆင်ခြင်သောအခါ ကျွန်မတို့ တစ်ယောက်စီတိုင်းပင် အသက်တာ၌မှားယွင်းသောစေတနာစိတ် မရှိဖို့ သတိပြုရပါမည်။ စေတနာသည် ကောင်းသောစိတ်သဘောဖြစ်၍သော်လည်း၊ နေရာတကျ မဟုတ်လျှင် မှားယွင်းမှုကိုဖြစ်စေပါသည်။ ကျွန်မ၏ အိမ်နီးချင်းတစ်ယောက်မှာ သူ၏အစ်မခွဲစိတ်ခံရသည်ကို သိပါလျက်၊ လူနာက ရေခဲစားချင်၍ ပူဆာသောအခါ သနား၍ အနည်းငယ်ကျွေးမိသည်တွင် လူနာသေဆုံးခဲ့ရပါ၏။ ဆရာဝန်များက တားမြစ်သော်လည်း သနားသောစေတနာစိတ်ကြောင့် တစ်သက်တာကာလပတ်လုံး ယူကျုံးမရဖြစ်ခဲ့ရပါသည်။ စေတနာအမှားများကို ကျွန်မတို့၏ ပတ်ဝန်းကျင်၊ မိသားစုတွင်သာမက သမ္မာကျမ်းစာ၌လည်း သာဓကအများရှိပါ၏။ သတိမပြု၊ မဆင်ခြင်လျှင်မူ မမြင်နိုင်ပါ။ စေတနာနဲ့လုပ်ပေးတာဟု ဆင်ခြေပေးသော်လည်း ဝမ်းနည်းစရာဖြစ်လာလျှင် မတန်သောကြောင့် စေတနာဖြင့်မှားယွင်းခြင်းကို ရှောင်ကြဉ်ကြပါစို့။
(မီးဇာ၊ F.B.T.S.ပေးပို့သောစာမူ)





သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူ ဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့်၊ ဘုရားသခင်၏ ဂုဏ်တော်ကို ထင်ရှားစေကြလော့။ (ကောရိန္သုဩဝါဒစာပဌမစောင်၊ ၇း၂၀)

---

# "အဖိုးနှင့်ဝယ်ယူသောသူ ..."

လွန်ခဲ့သော နှစ်အစိတ်တုံးက၊ သားဦးတစ်ယောက်ကို ဘုရားသခင်ပေးရာ၊ ကျွန်တော်တို့ဇနီးမောင်နှံ ဝမ်းသာအားရဖြစ်ကြပါသည်။ ထိုသားကို မျှော်လင့်တကြီးနှင့် ပြုစုပျိုးထောင်ကြရာ သူ့အမေက ပညာတတ်ဖြစ်စေချင်၍ ပညာသင်ပေး၏။ ကျွန်တော်က အနုပညာသမားဖြစ်စေချင်၍ သဘာဝပတ်ဝန်းကျင်ကို လေ့လာစေ၏။ သူ့အမေက လိမ္မာစေချင်၍ သွန်သင်၏။ ကျွန်တော်က လွတ်လပ်စွာ အသက်ရှင်စေဖို့ အားပေး၏။ သူကတစ်မျိုး၊ ငါကတစ်မျိုးနှင့် အကြိတ်အနယ် ဆွဲဆောင်သင်ကြား ပညာပေးရာ မကြာခင်မှာပင် သားဖြစ်သူစစ်ငြိမ်းအေးမှာ ဦးနှောက်ခြောက်လျက်၊ မကြာခဏ ခေါင်းကိုက်လာပါ၏။ ဟာ. . . ဟ တို့သင်တာလွန်သွားပြီ။ ကျန်းမာရေးမကောင်းတော့ဘူး ရပ်. . . ရပ်ဆိုပြီး ဘရိတ်အုပ်ကြရ၏။ ထိုအခါ ဘာမှပညာအသင်မခံပဲ နေရာကြာတော့. . . ဘာအလုပ်မှ မယ်မယ်ရရမလုပ်နိုင်ပဲ သူများတွေက အလကားကောင်ကြီးဟု အောက်မေ့ရာ သူ့ခမျာဝမ်းနည်းလေ၏။ မကောင်းကျောင်းပို့ ဆိုသည့်စကားအတိုင်း ကျမ်းစာကျောင်းပို့မည်ပြုတော့။ သူ့ဇနီးက မဖြစ်ဘူးထင်တယ် ဘုရားသခင်ကို အကောင်းဆုံးဥစ္စာမှ ပေးရတယ်မဟုတ်လား အဖေ၊ ကျွန်မယောကျ်ားကိုတော့ ထားလိုက်ပါ။ ထူးအုပ်စိုးကိုပဲပို့. . . ဟု ပါးနပ်စွာငြင်းလေ၏။

အကောင်းဆုံးဟူသော စကားသည် တန်ဖိုးကိုသတ်မှတ်သောအရာ ဖြစ်ပါသည်။ တစ်ခါက ပြင်သစ်ပြည် လမ်းမပေါ်၌ လဲနေသောသူတစ်ယောက်ကို ဆေးရုံသို့ခေါ်သွားပါသည်။ ဆရာဝန်တစ်ဦးက. . . 'ဒီတန်ဖိုးမရှိတဲ့လူနာကို ငါတို့လက်တွေ့စမ်းသပ်ဖို့ ထားရရင်မကောင်းဘူးလား'ဟု ပြောပါ၏။ လူနာသည် ဆရာဝန်၏ လက်တင်စကားကို ကောင်းစွာနားလည်သော သာသနာပြုဆရာမူရီတတ်စ်ဖြစ်ကြောင်း မသိကြပါ။ ဆရာက. . . 'ခရစ်တော်အတွက် အသက်ကိုစွန့်ရန် အမြဲအဆင်သင့်ရှိသော သူတစ်ယောက်ကို ဆရာတို့က တန်ဖိုးမရှိတဲ့လူလို့ ခေါ်သလား'ဟု ထ၍မေးရာ သူတို့အံ့ဩလျက်နေကြပါသတဲ့။

ဘုရားသခင်ရှေ့မှာ လူအားလုံးသည် အတူတူပင်ဖြစ်ပါသည်။ ကျွန်တော်တို့၏ ပိုင်ဆိုင်သမျှသည် ဘုရားသခင်ရှေ့မှာ ကြီးမြတ်ခြင်းမဟုတ်ပါ။ ဖြူစင်သောနှလုံးသားဖြင့် နေထိုင်သက်ရှင်ခြင်းသာလျှင် ဘုရားသခင်၏ စိတ်တော်နှင့် တွေ့နိုင်ပါသည်။ ဘုရားသခင်အတွက် တန်ဖိုးရှိပါသည်။ ကျွန်တော်တို့အားလုံးကို ဘုရားသခင်ဖန်ဆင်း၍ ခရစ်တော်၏ အသွေးနှင့် ရွေးနုတ်ဝယ်ယူခဲ့ပါသည်။ ကျွန်တော်တို့နှင့် အညီအမျှတန်ဖိုးထားလျက် ဘုရားသခင်၏စိတ်တော်နှင့် တွေ့အောင်ကြိုးစား အသက်ရှင်ဖို့ တန်းတူအခွင့်အရေး ရရှိပါလျက် စိတ်ပျက်အားလျော့ရန် အကြောင်းမရှိ။ ပကတိ ဖြူစင်စွာထံတော်သို့ ဝင်နိုင်ပါ၏။

**ဇူလိုင်လ (၉) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

အဆိုးအားဖြင့် အရှုံးမခံနှင့်။ အကောင်းအားဖြင့် အဆိုးကိုနိုင်လော့။ (ရောမသြဝါဒစာ၊ ၁၂း ၂၁)

## “အကောင်းအားဖြင့်...”

ကျွန်တော်၏ မိတ်ဆွေတစ်ဦးအား ဥပုသ်နေ့တွင် ဝတ်ပြုကိုးကွယ်ရန် ဖိတ်ခေါ်သောခါ သူကငြင်းပါ၏။ တစ်ကယ်တော့ အမှားအယွင်းကြီးကြီး တစ်ခုကိုပြုမိသဖြင့် အသင်းတော်ပုရဝဏ်သို့ ဝင်လာရန် ရှက်နေ၊ ကြောက်နေခဲ့သူပါ။ ထိုအမှားကိုမမေ့နိုင်ပဲ၊ ဘုရားရှိခိုးကျောင်းနားသို့ မချဉ်းကပ်ဝံ့ပဲနှင့်၊ ငါကတော့အပြစ်သာလုံးလုံးဖြစ်နေတာမို့ သန့်ရှင်းသောဗိမာန်တော်နဲ့ မထိုက်တန်ပါဘူး . . . ဟုအောက်မေ့နေပါ၏။

ဂျာမဏီနိုင်ငံ၊ မြူးနစ်မြို့ကို ရောက်ဖူးသူတိုင်း ‘နှင်းဆီတောင်ကုန်း’ ဆိုသောနေရာကလေးကို အမှတ်တရမဖြစ်မနေ သွား၍လည်ပတ်ကြပါ၏။ နှင်းဆီတောင်ကုန်းသည် သာယာသောတောင်ကုန်းကလေးဖြစ်၍ ကမ္ဘာ့အရပ်ရပ်ရှိနှင်းဆီမျိုးကွဲများစွာကို စုဆောင်းစိုက်ပျိုးထားရာလှပခြင်း၊ သာယာခြင်း၊ မွှေးပျံ့ခြင်းဖြင့် နာမည်ကြီးသော အပန်းဖြေစရာ ဥယျာဉ်တခုဖြစ်ပါ၏။ နှင်းဆီချစ်သူများစွာ လာ၍လေ့လာ၊ ခံစား၊ ပျော်မွေ့သောထိုတောင်ကုန်းကလေးသည် ဒုတိယကမ္ဘာစစ်ပြီးမှ ဖြစ်ပေါ်လာသောနေရာကလေး ဖြစ်ပါသည်။ စစ်ကာလတုန်းက အမှိုက်သွန်သော နေရာဖြစ်ကာ၊ စစ်ပြီးလျှင်အကျည်းတန်သော ထိုအမှိုက်ပုံမှာမြေများထပ်ဆင့်ဖို့ပြီး တောင်ကုန်းကလေးဖြစ်စေခဲ့ပါ၏။ ထို့နောက်တွင် . . . မြူးနစ်မြို့တော်ဝန်သည် ဒုတိယကမ္ဘာစစ်၏၊ အမှိုက်သရိုက်နှင့် အကျည်းတန်မှုအားလုံးကိုမြှုပ်နှံထားသောထိုတောင်ကုန်းမှာ အလွန်တရာလှပသော နှင်းဆီပန်းမျိုးစုံကိုစိုက်ပျိုးစေခဲ့ပါသည်။ ယနေ့တွင်အလွန်တရာထင်ရှား၊ ကျော်ကြားသော နှင်းဆီတောင်ကုန်း၏ အောက်မှာ မြှုပ်နှံခြင်းခံရသော အရာများကို မည်သူမျှမမြင်တော့ပဲ . . . လှသောနှင်းဆီ၊ မွှေးသောနှင်းဆီတို့၏အရသာ များကိုသာမက်မောစွာခံစားနေကြပါ၏။

ကျွန်တော်တို့ တစ်ဦးစီ၏ မကောင်းသောအရာများ၊ တွယ်ကပ်နေသော ဘဝ၏အမှိုက်သရိုက်များကို မြှုတ်နှံပစ်ဖို့တော့လိုအပ်ပါသည်။ မည်သူမျှလှပသောအရာများ ချည်းရှိနေသည်မဟုတ်ပါ။ အကျည်းတန်သောအပြစ်နှင့် အတွေ့အကြုံများရှိခဲ့ကြပါသည်။ ထို့ပြင်ဇာတိစိတ်နှင့် ပတ်သက်သော နာကျည်းမှုများ၊ ရန်ငြိုးဖွဲ့ထားမှု၊ စိတ်ထိခိုက်စရာများ၊ အဆိုးမြင်သောစိတ်သဘောထား၊ မာန်မာနနှင့် အားနည်းသောယုံကြည်ခြင်းများကိုမြှုပ်နှံပစ်ရန်လိုအပ်ပါ၏။ ထိုအရာများကိုလုံးလုံးဖုံးအုပ်ဖို့ကတော့ကိုယ်ခွန်အားဖြင့်တော့ မတက်နိုင်ပါ။ ဘုရားသခင် . . . ကျွန်တော်၏အဆိုးများကို မြှုတ်နှံပေးပါဟုတောင်းလျှောက်လျှင် ခွန်အားကိုရပါလိမ့်မည်။ကြွယ်ဝသော အသက်တာ၊ငြိမ်းချမ်းသောအသက်တာ၊ ဝမ်းမြောက်ရွှင်လန်းသောအသက်တာသည်ပစ္စုပ္ပန်၌ အနာအဆာကင်းမဲ့ရန်လိုအပ်ပါသည်။ အဆိုးကိုအကောင်းအားဖြင့်အနိုင်ရရန် ကြိုးစား၍ နှင်းဆီတောင်ကုန်း လိုသာယာ သောအရာများကို တည်ဆောက်ကြပါစို့။



**ဇူလိုင်လ (၁၀) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္လာနေ့)**

အိုး . . . ထာဝရဘုရား၊ အကျွန်ုပ်၏ခွန်အား ဗလတည်းဟူသော ကိုယ်တော်ကိုချစ်ပါ၏။ (ဆာလံကျမ်း၊ ၁၈း၁)

## “ကိုယ်တော်ကိုချစ်ပါ၏...”

တစ်နေ့လုံးစောင့်သော်လည်း တယ်လီဖုန်းဆက်သံကိုမကြားရ။ အသင်းသားတစ်ဦးမွေးနေ့ကိုသွား၍ ဆုတောင်းပေးကာမှ . . . တယ်လီဖုန်းလာသတဲ့။ ကျွန်တော်ပြန်လာသောအခါ . . . ဆရာ့သမီးဆီကဖုန်းဆက်တယ်။ ကျွန်တော်လာခေါ်တာ ဘယ်သူမှမရှိဘူးဟုပြန်ပြောပေးပါသည်။ မတတ်နိုင်ဘူးဟုတွေးမိသော်လည်း တစ်ညလုံးစိတ်ပူနေပါသည်။ သမီးသည် ၊နိုင်ငံရပ်ခြားမှာအဆင်မှပြေရဲ့လား။ သူမ၏ပြည်ဝင်ခွင့်၊ ကျောင်းဝင်ခွင့်တွေစုံလင်ပါရဲ့လား။ ဖုန်းဆက်လာတယ်ဆိုတော့ တစ်ခုခုလိုအပ်နေတာဖြစ်မှာပဲ။ ပိုက်ဆံမရှိလို့လား။ ဒါမှမဟုတ်နိုင်ငံကူးလက်မှတ် ခါးပိုက်နှိုက်ခံရတာလား . . . စသည်ဖြင့်တွေးတောကာအိပ်၍မရပါ။ နံနက်မိုးလင်း၍ မကြာခင်တယ်လီဖုန်းလာတယ်ဆိုတော့ ဇနီးမောင်နှံနှစ်ယောက်ပြေးသွားကြတာပေါ့။ သမီးက . . . ညကဘယ်သွားနေကြတာလဲဟုမေးလျှင် ဦးဒံယေလသားမွေးနေသွားရတယ်လေ။ ကဲပြော . . . ဘာလိုသလဲ။ ဘာပြဿနာဖြစ်သလဲ။ ဘာဖြေရှင်းပေးရမလဲ။ ဖေဖေမိတ်ဆွေကိုမတွေ့ဘူးလား။ဘာအကူအညီမှမရဘူးလား . . . ဟုဆက်တိုက်မေးလိုက်လေသည်။

သမီးကဟာဟာဟုရယ်ပြီးမှ . . . ဘာမှမဟုတ်ပါဘူး၊ အားလုံးအဆင်ပြေပါတယ် သမီးဒီမှာမဟာသင်တန်း ဆက်တတ်ခွင့်ရအောင်ကြိုးစားပေးတဲ့ မေမေနဲ့ဖေဖေကိုကျေးဇူးတင်ကြောင်းပြောချင်တာပါ။ ပြီးတော့မေမေနဲ့ဖေဖေကိုချစ်တယ် . . . ဟုပြောလျှင်ကျွန်တော်တို့မှာအံ့အားသင့်နေပါ၏။ အေး . . . အေး၊ ဒါဆိုလည်းပြီးရောကွယ်၊ ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ။ ဟုပီတိသောမနနှင့်ပြောဖြစ်ခဲ့ကြပါ၏။ သမီး၏။ မေတ္တာစကားကြောင့်ခဏငြင်းခုန်လေ့ရှိကြသော ဇနီးမောင်နှံသည် ထိုနေ့ကသာယာသောနေ့ထူးနေ့မြတ်ကြီးတောင်ဖြစ်လို့နေပါသတဲ့။

ဘုရားသခင်ထံသို့ နံနက်စောစောထ၍ဝင်း၊ ညဦးယံမအိပ်ခင်မှာဝင်း၊ ဝတ်ပြုဆုတောင်းသောအခါ, ကိုယ်တော်ရေ၊ ဒါကိုတော့မခံနိုင်ဘူး၊ ဖယ်ရှားပေးပါ။ ဟိုပစ္စည်းကမရှိရင်မဖြစ်လို့၊ ချပေးပါ။ ခရီးသွားရတော့မယ်၊ လမ်းခရီးစရိတ်ပေးပါ။ ခင်ပွန်းသည်ကပေတေလွန်းတယ်၊ ဆုံးမပေးပါ။ ဇနီးသည်ကနားမလည်ပေးဘူး သွန်သင်းပေးပါ။ ကောင်းကြီးပေးပါစသည်ဖြင့် တတွက်တွက်ဆုတောင်းခဲ့ဖူးပါ၏။ တစ်နေ့မဟုတ်ပါ။ ဆုတောင်းမည်ဆိုတိုင်းတောင်းစရာတွေများလှပါ၏။ သို့သော် . . . ကိုယ်တော်၏မေတ္တာကိုခံစားနေရပါသည်။ ကျေးဇူးတင်ပါ၏။ ကိုယ်တော်ကို ကျွန်တော်ချစ်သည်ဟု ပြောဖို့ရန်တော့ အားနည်းနေတတ်ပါသည်။ ကိုယ်တော်ကိုကျွန်တော်တို့ ချစ်သည့်အကြောင်း၊ အားကိုးခိုလှုံသည့်အကြောင်းနှင့် ချီးမွမ်းသောမေတ္တာစကားကိုလည်း၊ ပြောဖို့လိုအပ်ပါ၏။ လူသားမိဘများပင်သားသမီးထံမှမေတ္တာစကားကို ကြားနာလိုသေးလျှင် ဘုရားရှင်ကလည်းလိုချင်ပါလိမ့်မည်။ ဆုတောင်းခြင်းသည် ဘုရားသခင်နှင့်ဆက်သွယ်ခြင်းဖြစ်ပါသည်။ ပူဆာခြင်းသက်သက်မဟုတ်သောကြောင့် မေတ္တာစကားကိုလည်း သတိတရထည့်သွင်းပြောဆိုကြပါစို့။

မုဆိုးမသည် သွား၍၊ ဧလိယစကားအတိုင်းပြုသဖြင့်၊ ဧလိယနှင့်တကွ ကိုယ်တိုင်မှစ၍ အိမ်သားတို့သည် အင်တန်ကာလပတ်လုံးစားရ၏။ အိုး၌ရှိသော မုန့်ညက်သည်မကုန်။ ဘူး၌ရှိသောဆီမလျော့။ (၃ရာ၊၁၇း၁၆)

## "မုန့်ညက်မကုန်၊ ဆီမလျော့ ..."

တစ်ခါကပြင်သစ်ပြည် ဧကရာဇ်နပိုလီယံ၏မှားယွင်းကာ ထောင်ချခြင်းကိုခံရသော သူတစ်ယောက်ရှိခဲ့ပါ၏၊ ထိုအီတလီအကျဉ်းသားသည် ထောင်ထဲမှာ လမ်းလျှောက်ရင်း သေးငယ်သော သစ်ပင်ပေါက်ကလေးကို တွေ့ရ၍ ပထမ၌ခြေထောက်ဖြင့် နင်းချေမည်ပြုသော်လည်း ကျောက်တုံးနားက မြေခဲသေးသေးမှာ ရုန်းကန်ရှင်သန်နေရသော အဖြစ်ကိုတွေးမိပြီး မပျက်ဆီးခဲ့ပါ။ တစ်နေ့ပြီးတစ်နေ့ သစ်ပင်ကလေးကကြီးလာသော်လည်း မြေစာကုန်၍ ကျောက်ခဲများ သက်သက်သာကျန်လျှင်ညှိုးနွမ်းလာပါ၏။ သူ့နံဘေးက ကျောက်တုံးကြီးသာ ရွှေ့ပစ်နိုင်လျှင်ထိုသစ်ပင်ငယ် ဆက်လက်ရှင်သန်မည်ကိုသိပါ၏။ သစ်ပင်ငယ်ကလေး၌ပန်ပွင့်သုံးဆယ်ပွင့်နေသဖြင့်လှပနေသော်လည်းဒီအခြေအနေအတိုင်းဆိုလျှင် မကြာခင်သေတော့မှာပါ။ အကျဉ်းသားသည် ထောင်ပိုင်ကြီးထံသွား၍ ကျောက်တုံးကို ရွှေ့ပစ်ရန်ခွင့်ပန်သော်လည်း ထောင်ပိုင်ကြီးကခွင့်မပြုပါ။ အကျဉ်းသားသည် သစ်ပင်ကလေးတစ်ပင်၏ ကြိုးစား၍အသက်ရှင်မှုကို ကူညီလိုသောကြောင့် အကြံအစည် အမျိုးမျိုးကို စဉ်းစားလုပ်ဆောင်ခဲ့သော်လည်း ထောင်ပိုင်ကြီးက ခွင့်မပေးပြန်ပါ။

နောက်ဆုံးတွင် ဧကရာဇ်ဘုရင်နပိုလီယံထံသို့ ပြာမှုန့်ကို ရေဖျော်ကာမင်ကဲ့သို့ အသုံးပြုလျက် သစ်ပင်ငယ်ကလေးအကြောင်းကို ရေးသားပေးပို့ခဲ့ပါ၏။ သူ၏ကြိုးစားမှု အဆင့်ဆင့်ကို အံ့သြနေသူက မိဘုရားဂျိုးစဖင်းဖြစ်ပါသည်။ ဂျိုးစဖင်းသည် ပန်းများကို နှစ်သက်သူ၊ သနားကြင်နာတတ်သူဖြစ်လေတော့ သစ်ပင်ကလေး တစ်ပင်ရဲ့ အသက်ရှင်မှုကိုတောင်မှ ဂရုပြုတတ်တဲ့သူဟာ၊ သူများတွေရဲ့ အသက်ကိုသတ်၊ စည်းစိမ်ဥစ္စာကို လုယက်ယူငင်တဲ့ လူဆိုးခါးပြတစ်ယောက် ဘယ်လိုမှမဖြစ်နိုင်ဘူးလို့ ဆင်ခြင်မိသတဲ့။ ဒါနဲ့. . . သူ၏ခင်ပွန်း ဧကရာဇ်ဘုရင်ကို ပြောပြခဲ့ပါ၏။ ဒီလိုလူတစ်ယောက်ဟာ ထောင်ထဲမှာ နေရတာတစ်စုံတရာ မှားယွင်းလို့နေပါပဲ။ သူ့ရဲ့အမှုကို ပြန်စစ်ဆေးပါဟုတောင်းဆိုပါသတဲ့။ တကယ်လည်း အမှုပြန်စစ်ရော၊ အကျဉ်းသားမှာ မှားယွင်းပြစ်ဒဏ်ချခံရတာမို့ အကျဉ်းထောင်ထဲကပြန်နှုတ်၊ လွတ်လပ်ခွင့်ကိုပေးစေ . . . ဆိုသည့်ဆုံးဖြတ်ချက်ကို ပြင်ရခဲ့သတဲ့။ သစ်ပင်ငယ်ကလေး တစ်ပင်ကို ဂရုပြုမိသောကြောင့် ပြန်လည်ရသောအကျိုးကားကြီးလှပါသည်။

လောကတွင် သေးသေးတာတာ၊ ဘာမှမဟုတ်ဘူးဟုထင်ရသော ကောင်းမှုကုသိုလ်အတွက်အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတစ်ရာမက ပြန်ရသော သာဓကအများကြီးရှိပါသည်။ ကျမ်းစာ၌ပရောဖက်ဧလိယကို ပြုစုသော ဇရတ္တမြို့မှ မုဆိုးမ သားအမိသည် ခဲယဉ်းသောကာလများကို မယုံကြည်နိုင်စရာပင် ဖြတ်သန်းနိုင်ခဲ့ပါသည်။ ကောင်းသောအမှု၊ ဘုရားသခင်၏အလိုတော်ကို လက်ခံ၍ ဆောင်ရွက်သောအမှုများကြောင့် ကောင်းကြီးမင်္ဂလာနှင့် ထိုက်တန်ခဲ့ရပါသည်။ မုန့်ညက်သည် နည်းနည်းကလေး၊ လက်တစ်ဆုပ်သာ ဖြစ်သော်လည်း မကုန်နိုင်သလို ဘူး၌လည်းဆီသည် မခမ်းနိုင်ခဲ့ပါ။ သူမ၏ ယုံကြည်ခြင်းနှင့် နာခံခြင်းကို အောက်မေ့ဆင်ခြင်ဖို့ရန်ဖြစ်ပါ၏။



အို. . . လူများတို့၊ ဘုရားသခင်၌ အစဉ်မပြတ်ခိုလှုံကြလော့။ ရှေ့တော်၌ စိတ်နှလုံးကို ဖွင့်ကြလော့။ ဘုရားသခင်သည် ငါတို့ ခိုလှုံရာ ဖြစ်တော်မူ၏။

(ဆာလံကျမ်း၊ ၆၂း၈)

## "ခိုလှုံရာ ..."

ဒီတစ်ခါတော့ သွားပြီဟု အောက်မေ့ရင်း တတ်နိုင်သလောက်ပြေးနေပါ၏။ စံကားဝါတောင်ပေါ်သို့ အတက်တွင်တော့. . . ရေလှိုင်းတွေရောက်လာလည်း မမြုပ်နိုင်တော့ဘူးဟု အောက်မေ့၍ ဝမ်းသာသွားပါသည်။ ရုတ်တရက်၌ သားငယ်ကို တွေ့ရပါ၏။ သူသည် မတ်စောက်သောတောင်ကို ကုန်း၍ တက်နေပါ၏။ သူ့ကျောပေါ်မှာတော့ အပျိုမကလေးတစ်ဦးကို ပိုးထားပါ၏။ ကိုရီးယားဇာတ်ကားထဲကလိုပဲ မိန်းကလေး ခေါင်းငိုက်စိုက်ကျနေပါ၏။ ဘယ်သူလဲဆိုတော့ အင်ကြင်းခိုင်ဖြစ်နေပါလား။ ငယ်ငယ်တုံးက သူငယ်ချင်းသည် အရွယ်ရောက်လာကြသောအခါ ဝေးကွာသွားပါ၏။ ယခုကျမ်းစာသင်တန်းတွင် ပြန်၍ဆုံဆည်းရင်း မုန်တိုင်းဘေးမှ ပြေးကြသောအခါ နှလုံးရောဂါသည် သူငယ်ချင်းက ဖြစ်လဲဖြစ်လေ၏။ အခက်အခဲကြားထဲမှာ တစ်ယောက်ကိုတစ်ယောက် ဖေးကူသော ရှု့ခင်းက တကယ်လှသောကြောင့် ငေးနေမိရာ သမီးက အမေ၊ စိတ်ကူးယဉ်မနေနဲ့. . . ဆက်ပြေးဟု သတိပေးလျှင် အားယူကာ ခြေလှမ်းရပြန်၏။

တောင်ပေါ်မှာတော့ လူထူးလူဆန်းနှစ်ယောက်ကို တွေ့ရပါ၏။ အသက်ကယ်အင်္ကျီကိုဝတ်လျက် ဘောကွင်းများကို စွပ်လျက် နေကြပါ၏။ ရေရောက်လာပြီး တောင်မြုပ်သွားရင် ရေနစ်မသေအောင် ကြိုတင်ပြင်ဆင်ထားပါသည်။ သူတို့ကို ကြည့်ကာ ကျန်သူများက တောင်ပေါ်ရောက်နေတာတောင် အားငယ်သွားကြပါသည်။ ဆရာရောဘတ်က ဆုတောင်းနေသည်ကို သူတို့တွေ့သောအခါ မျက်နှာများညှိုးသွားပါ၏။ တကယ်တော့ သူတို့လည်း ယုံကြည်သူများဖြစ်ပါ၏။ ကျွန်တော်တို့သည် ယုံကြည်၍ ချီးမွမ်းလျှင်လည်း သူများထက်ထူးပါ၏။ မေ့ပြီဆိုလည်း ဘုရားသော၊ တရားသော. . . ဘာဆိုဘာမှ သတိမရ။ သခင်ယေရှုက. . . ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့် ကာလအစဉ်မပြတ်ရှိမည်. . . ဟူသော ဂတိကိုပေးခဲ့ပါ၏။ သို့သော်. . . ထိုဂတိများကို သတိမရသဖြင့် အသားကုန်ပြင်ဆင်ကာ လာမည့်ဘေးကို ပြေးတွေ့ဖို့သာ စိတ်စောနေခဲ့ပါသည်။

အသက်တာခရီးမှာ ကြိမ်ဖန်များစွာပင် မိမိတို့၏ ပူပင်မှု၊ လိုအင်များ၊ ကြောက်စိတ်တို့ကို မိမိဖာသာ အဖြေရှာရန် အားထုတ်ခဲ့ပါ၏။ ဒါမှမဟုတ်. . . ဘယ်သူများ ငါ့ကို ကူညီနိုင်မလဲဟု တွေးကာ လူ့ထံသို့ ပြေးသွားချင်နေခဲ့ပါ၏။ မိမိတို့၏ ပြဿနာကို ဖြေရှင်းရာ အစစအရာရာပြင်ဆင်သည့်ကြားမှ မအောင်မြင်လျှင်. . . အလိုတော်အတိုင်းပဲဟု စိတ်ပျက်လက်ပျက်ဘုရားသခင်ကို ပုံချသောအရာသည် သင့်တော်သည်တော့ မဟုတ်ပါ။ ဘုရားသခင်ကို တိုင်ပင်ရန်၊ ဆုတောင်းရန် မေ့နေပါလျှင် အသက်တာသည် အလိုတော်အတိုင်းဟု မပြောနိုင်ပါမိတ်ဆွေ။ ပြဿနာများအတွက် မိမိတို့ တတ်နိုင်သမျှ လုပ်ဆောင်ကြရမည် မှန်သော်လည်း ဘုရားသခင်အပေါ်၌ ရှေးဦးစွာ ခိုလှုံအားထားဖို့ သတိရသင့်ပါ၏။

သူတစ်ယောက်သည် တစ်ယောက်ကိုနိုင်လျှင် ထိုလူကို နှစ်ယောက်ဆီးတားနိုင်၏။ သုံးလွန်းတင်သော ကြိုးသည်လည်း အလွယ်တကူ မပြတ်တတ်။

(ဒေသနာကျမ်း၊ ၄း၁၂)

## "ပဲကော်စက် ..."

ကျွန်တော်တို့ ငယ်စဉ်က အသံချဲ့စက်များ ရှားပါးသဖြင့် မင်္ဂလာဆောင်၊ အလှူအတန်း၊ ပွဲလမ်းသဘင်၊ နောက်ဆုံး ဈာပနအခမ်းအနားမှာပင် အသံချဲ့စက်များကို ထည့်သွင်းကြပါသည်။ တစ်ညငှားလျှင် ခုနှစ်ဆယ်ကျပ် ပေးရ၍ သီချင်းဓာတ်ပြားများ၊ ဇာတ်လမ်းဓာတ်ပြားများကို ဖွင့်ပေးရာ တစ်ရွာလုံးကြားရပါ၏။ ရေဒီယို၊ ကက်ဆက်များပင် သုံးနိုင်သူရှားပါးသောကာလမှာ ထိုလော်စပီကာများကိုပဲ အားကိုးကာ နားသောတဆင်ကြရပါ၏။ ဓာတ်စက်ဟု ခေါ်၍ ထိုဓာတ်စက်ဖွင့်သူများ အလွန်မျက်နှာပွင့်လေ၏။ ဓာတ်စက်ပိုင်ရှင်ကား ဆိုဖွယ်ရာမရှိပါလေ။ ကျွန်တော်တို့ရွာနှင့် မနီးမဝေးမှာ မှန်ကျောင်းရွာရှိပါ၏။ ထိုရွာမှာလည်း ဓာတ်စက်တစ်လုံးရှိကာ ပိုင်ရှင်မှာ 'ပဲကော်' ဖြစ်ပါ၏။ ပဲကော်သည် ဆင်းရဲသောသူ မဟုတ်ပါ။ သို့သော် အနုပညာဝါသနာ အခံရှိသဖြင့် ဓာတ်စက်တစ်လုံးကို ဝယ်ကာ လိုက်လံဖွင့်ပေးပါ၏။ သို့သော် ဓာတ်စက်အကြောင်းကိုလည်း ကောင်းကောင်းမသိ။ ဘတ်ထရီအိုးကိုလည်း အပေါင်းအနုတ်တောင် သိပ်မခွဲခြားတတ်သော ပဲကော်သည် မကြာခဏ ဓာတ်စက်ပျက်ပါသည်။ သူ့စက်ကို ငှားသွား၍ ပွဲရောက်လျှင် ရင်မနေရသည်။ စက်ကအော်မှ အော်ပါမလားပေါ့။ ပြောလည်းပြောစရာပါပဲ။ သူ့စက်က တစ်ခါတစ်ရံ ကောင်း၏။ တစ်ခါတစ်ရံ မကောင်း။ ထို့ကြောင့် ရွာသူရွာသားများက 'မအော်တစ်ချက်၊ အော်တစ်ချက်၊ ပဲကော်စက်' ဟု စာချိုးကြပါသည်။ ပဲကော်ခမျာ နာမည်ပျက်ရသော်လည်း ဂရုမစိုက်ပါ။ ဒီရွာမှာ ဒီလော်တစ်ခုတည်းရှိတာဆိုတော့ ငှါးချင်ငှါး၊ မငှါးချင်လည်းငှါး။ ဒါ. . . အကောင်းဆုံးပဲ။ အော်တော့လည်း ကောင်းလိုက်တဲ့လော်။ မအော်တော့လည်း ညံ့လိုက်တဲ့လော်ဟု ဝေဖန်ခံရင်းနှင့် ပွဲလမ်းသဘင်များစွာကို ဖြတ်သန်း အကျိုးဆောင်ခဲ့ရပါသည်။

အိမ်ထောင်မှာ အဖေက တစ်ခါတလေ. . အဆင်ပြေ၍ ဝင်ငွေကောင်းပါ၏။ တစ်ခါတလေတော့လည်း မကောင်းပါ။ အမေက အိမ်ထောင်ကို စီမံတာ တစ်ခါတလေ. . . သိပ်ပညာသားပါ၏။ တစ်ခါတလေတော့လည်း ညံ့ဖျင်းခဲ့ပါ၏။ သားများက လိမ္မာ၍ ဆုတွေဘာတွေတောင်ရပါ၏။ မလိမ္မာပဲ. . . စိတ်ဒုက္ခရောက်အောင် မျက်ရည် ကျအောင် လုပ်သောအခါ ရှိပါ၏။ သမီးများကလည်း သိတတ်သည့်အခါ. . . ကျေနပ် ဝမ်းမြောက်စရာဖြစ်၍ တစ်ခါတလေကျတော့လည်း. . . စိတ်ဆိုးစရာကို ယူဆောင်လာပါ၏။ အိမ်သူအိမ်သားများသည် ပဲကော်စက်လိုပါပဲ။ မအော်တစ်ချက်၊ အော်တစ်ချက်ပေါ့။

သို့သော်. . . အခြားရွေးချယ်စရာမရှိ။ ဘုရားသခင်ပြင်ဆင်ပေးထားသော တစ်ခုတည်းသော မိသားစုဖြစ်နေသောကြောင့် တန်ဖိုးထားရပါလိမ့်မည်။ အဖေ၊ အမေ၊ သား၊ သမီးတို့၏ အားနည်းချက်ကို နားလည်ပေးကြလျက် မေတ္တာဖြင့်ချည်နှောင်ကြ၍ အောင်မြင် သည်ဖြစ်စေ၊ ကြိုးစားနေသည်ဖြစ်စေ၊ ဘုရား၏ကျေးဇူးတော်ကြောင့် မိတ်သဟာယဖွဲ့ခွင့်ရသည်ကို သိမှတ်လျက် ဝမ်းမြောက်ကြပါစို့။





သင်သည် အအေးမဟုတ်။ အပူမဟုတ်သည်ကို ငါသိ၏။ အေးခြင်းဖြစ်စေ၊ ပူခြင်းဖြစ်စေ။ တစ်ခုခုကို ငါအလိုရှိ၏။ (ဗျာဒိတ်ကျမ်း၊ ၃း၁၆)

## "တစ်ခုခုကို ..."

ဗိုလ်ချုပ်ဈေးထဲသို့ မရောက်တာဆယ်နှစ်တောင်ရှိပြီထင်၏။ ဟိုတုန်းကတော့ ဈေးအရှေ့ဖက်က ပန်းချီဆိုင်မှာ ဝင်ထွက်သွားလာခဲ့ဖူးပါ၏။ ယခုတော့ မရောက်တာကြာပြီမို့ ဘယ်သူ့ကိုမှလည်း မသိတော့ပါ။ ဇနီးနှင့် သမီးက အိတ်တစ်လုံး ဝယ်ပေးမည်ဆိုပြီး မရမကခေါ်သဖြင့် လိုက်သွားခဲ့ပါ၏။ ဈေးဝယ်ပြီးလျှင် စားသောက်ဆိုင်တစ်ခုကို ခေါ်သွားပါ၏။ ဆိုင်ထဲရောက်၍ မထိုင်ရသေးခင် ကျွန်တော့်ကို. . . "ကိုကိုရေ၊ လာပါနော်။ တိုးတိုးပြော၊ သူများတွေကြားကုန်မယ်။ ထိုင်. . . ကိုကို ထိုင်" ဟု ကြိုဆို၍ နေရာချပေးသော ချွဲချွဲနွဲ့နွဲ့အသံကြောင့် ဖြူသောဆံပင်များ ထောင်သွားပါ၏။ ရည်းစားထားတုံးက 'ကိုကို'ခေါ်ခံချင်လိုက်တာ။ ရည်းစားကမခေါ်ခဲ့။ အိမ်ထောင်ကျတော့လည်း 'ကိုကို'ဟု ဇနီးသည်ကမခေါ်။ သူငယ်ချင်းဆိုတော့ မင်းနဲ့ ငါနဲ့ ပြီးခဲ့ရတာမို့ သူများတွေလို 'ကိုကို'ခေါ်ခံချင်တာ ခုကျမှဆန္ဒတစ်ခု ပြည့်ရလေ၏။ သို့သော် အိုကြီး အိုမကျမှ ရှားရှားပါးပါး ခေါ်ခံရသည်မို့ နည်းနည်းရှက်သွားပါ၏။ မဝံ့မရဲနှင့် လှည့်ကြည့်လိုက်တော့ ငယ်ငယ်ချောချောပါပဲ။ သို့သော်. . ယောကျ်ားကလေးမျက်နှာနှင့် မိန်းကလေးကိုယ်ခန္ဓာလား။ မိန်းကလေးမျက်နှာနှင့် ယောကျ်ားကလေးကိုယ်ခန္ဓာလား။ မခွဲခြားနိုင်သောလူငယ်တစ်ယောက်ကို တွေ့ရလျှင် ဘာပြန်ပြောရမှန်း မသိတော့ပါ။ သူကတော့ ကိုကို. . . ကိုကိုနှင့် ချွဲကောင်းနေရာ၊ သမီးက ပြုံးစိစိ၊ ကျွန်တော်က စိတ်ညစ်၊ ဇနီးက တဟိဟိ ဖြစ်လေ၏။

ထိုနေ့က. . . သူကလေး ပြင်ပေးသော ထမင်းကြော်ကိုစားရင်း ယောကျ်ားလား၊ မိန်းမလား မခွဲခြားနိုင်သော သူ၏အကြည့်စူးစူးကို ရှောင်နေတာကတစ်ဒုက္ခ။ ကျမ်းစာထဲက နှုတ်ကပတ်တော်ကို အောက်မေ့မိပါသည်။ ထိုသို့ အအေးမဟုတ်၊ အပူမဟုတ်၊ နွေးရုံသာရှိသောကြောင့် ငါ့ခံတွင်းသည် သင့်ကို ထွေးလုပြီ (ဗျာ၊ ၃း၁၆)ဟု ကျမ်းစာလာပါသည်။ လာဒိကိအသင်းတော်မှ ယုံကြည်သူများသည် အကျင့်ရောရဲခြင်းရှိပါ၏။ သူတို့သောက်သောရေကဲသို့ပင်၊ မပူမအေး၊ ခပ်နွေးနွေးဖြစ်နေပါသည်။ ဟေရပေါလိမြို့ ရေပူစမ်းမှ ရေများကို သွယ်ယူကာ လာဒိကိမြို့သားများ သောက်သုံးရာ၊ အဝေးမှ ပိုက်နှင့် လာသောရေပူသည် လာဒိကိသို့ရောက်လျှင် မပူနိုင်တော့။ ကောလောသဲမြို့သားများကမူ စမ်းရေအေးအေးကို သုံးပါ၏။ ဟေရပေါလိမြို့သားက ရေပူကို သုံး၏။ လာဒိကိမြို့သားကတော့ ရေနွေးနွေး၊ မပူ၊ မအေးကို သုံးရာ အကျင့်ကလည်း ထိုအတိုင်း ဖြစ်နေပါသတဲ့။

သမ္မာတရားနှင့် ညီသလိုလို၊ မညီသလိုလိုဖြစ်ပါ၏။ ကိုယ်တော်ကို ယုံကြည်သောအရာမှာ ရဲရင့်သည်လည်းမဟုတ်။ ကြောက်ရွံ့သည်လည်းမဟုတ်။ ဘာသာတရားတစ်ခုကို အားကိုးသည်လည်းမဟုတ်။ မအားကိုးသည်လည်းမဟုတ်။ ယုံကြည်သူဟုတ်သည် မဟုတ်သည်ကိုပင် ခွဲခြားရန်မလွယ်ကူသောကြောင့်. . . ဘုရားသခင်အလိုမရှိနိုင်အောင် ဖြစ်ရပါသည်။ ခံတွင်းမှသင့်ကို ထွေးလုပြီဟု ကျမ်းစာလာပါ၏။ ကျွန်တော်တို့၏ အကျင့်သီလများကိုလည်း ဆင်ခြင်ကြပါစို့။ လာဒိကိမြို့သားများနှင့်မတူဖို့ ပြုပြင်ကြရပါလိမ့်မည်။

ငါတို့သည် ကိုယ်တန်ခိုးကိုအမှီပြု၍ ကိုယ်အလိုအလျောက် တစ်စုံတစ်ခုကို ကြံစည်ခြင်းငှါတတ်နိုင်သည်မဟုတ်။ (ကောရိန္သုဩဝါဒစာ ဒုတိယစောင်၊ ၃း၅)

## "ကျွန်တော်တို့၏ တန်ခိုး ..."

တစ်ခါတုံးက မောပန်းနေသော ခြင်္သေ့တစ်ကောင်သည် သစ်ပင်ကြီးတစ်ပင်၏ အောက်မှာလှဲချလိုက်သတဲ့။ သူ့ခမျာ ပင်ပန်းလာလို့ အိပ်ချင်နေတာပေါ့။ အဲဒီအချိန်မှာ ကြွက်ကလေးတစ်ကောင် ရောက်လာပြီး ခြင်္သေ့ပေါ် တက်လိုက်ဆင်းလိုက်နဲ့ ပြေးလွှားဆော့ကစားနေလေတော့ ခြင်္သေ့ကြီးမှာ အိပ်လို့မပျော်တော့ဘူးလေ။ ဒေါသလည်းထွက်လာတာပေါ့။ ကြွက်ကလေးကိုဖမ်းပြီး၊ ဒီလောက်ရှုပ်တဲ့အကောင်. . . နင့်ကိုငါစားပစ်မယ်လို့ ကြိမ်းသတဲ့။ ကြွက်ကလေးကငိုပြီး. . မစားလိုက်ပါနဲ့ ခြင်္သေ့မင်းရယ်။ ကျေးဇူးပြု၍ လွှတ်ပေးပါ။ အသက်ကိုချမ်းသာပေးရင် တစ်နေ့နေ့မှာ ကျေးဇူးတုံ့ပြန် အကူအညီပေးပါ့မယ်. . . ဟုဆိုလျှင် ခြင်္သေ့ကအားပါးတရရယ်လျက်၊ အလကားကောင်။ မင်းကများငါ့ကို ကူညီမယ်ဟုတ်လား။ ရယ်စရာကြီးကွာ။ ထားပါတော့။ ကြည့်ကြသေးတာပေါ့. . . ဟု ဆိုပြီး ဝေးဝေးကိုလွှင့်ပစ်လိုက်သတဲ့။

ရက်ပေါင်းများစွာကြာသောအခါ မမျှော်လင့်ပဲ ခြင်္သေ့ကြီးဟာ သွားရင်းလာရင်းနဲ့ မုဆိုးတွေရဲ့ ပိုက်ကွန်တစ်ခုကို ဝင်တိုးမိသတဲ့။ ပိုက်ကွန်ကြီးကလည်းကြီး ခိုင်လည်းခိုင်တာမို့ ဘယ်လိုမှ ရုန်းမထွက်နိုင်ဘူးလေ။ ခြင်္သေ့ကြီး ဒုက္ခရောက်ပါပြီ။ ဒီတစ်ခါတော့ မုဆိုးလက်ချက်နဲ့ အသက်ထွက်ရပါပြီ. . . ဟု ဝမ်းနည်းစွာရင်း ငိုကြွေးမိသတဲ့။ လုပ်ကြပါဦး။ ကယ်ကြပါဦးလို့လည်း ငိုကြွေးအော်ဟစ်နေသံကို ကြွက်ကလေးကကြားတဲ့ အခါအလျင်အမြန်ပြေးလာသတဲ့၊ အလို . . . ခြင်္သေ့မင်းပါလား။ ငြိမ်ငြိမ်နေပါဗျာ။ စိတ်မပူပါနဲ့။ ကျွန်တော်ကူညီနိုင်ပါတယ်. . ဟု ပြောရင်း သူ၏ ချွန်ထက်သောကြွက်သွားကလေးများနှင့် ပိုက်ကွန်ကြိုးများကို ကိုက်ဖြတ်သတဲ့။ ကြွက်ကလေး မနေမနားကြိုးစား လုပ်ဆောင်တာမို့ မုဆိုးများရောက်မလာခင်မှာပဲ ပိုက်ကွန်ကြီးစုတ်ပြဲကာ ခြင်္သေ့ကြီးက လွတ်မြောက်သွားပါသတဲ့။ ခြင်္သေ့ကြီးက. . . နောင်တရရင်း ကြွက်ကလေးကို အထင်သေးမိတာကို တောင်းပန်ကာ ထွက်ခွာသွားပါ၏။

ငယ်စဉ်တုံးက သင်ယူခဲ့ဖူးသော ပုံပြင်ကလေးက ရိုးရိုးကလေးပါပဲ မိတ်ဆွေ။ ထိုပုံပြင်ကလေးကို သတိရသောအခါတိုင်း ခွန်အားကြီးတိုင်းလည်း သူတစ်ပါးကို အထင်မသေးဖို့ သွန်သင်ခြင်းကို ခံရပါ၏။ တစ်ခါတရံ လောက၏အောင်မြင်ခြင်းများကို ရနေသောအခါ ဝါကြွားသောစိတ်၊ ထောင်လွှားသောမာနသည် မသိမသာဝင်လာတတ်ပါ၏။ ဘုရားရှင်သည် မာနထောင်လွှားခြင်းကို မနှစ်သက်ပါ။ ယောဘဝတ္ထုတွင် လူသည်အိပ်ယာပေါ်မှာ ငိုက်လျက် အိပ်ပျော်လျက်နေသောအခါ၊ မာန်မာနနှင့်ကင်းစေရန် ဆုံးမတော်မူ၏ ဟုကျမ်းစာလာပါသည်။ စင်စစ်. . . အားနည်းချိန်၌ဖြစ်စေ၊ အားသာချိန်၌ဖြစ်စေ။ မာန်မာနနှင့် ကင်းဝေးသော တစ်ဦးနှင့်တစ်ဦး နှိမ့်ချသောသဘောနှင့် ဆက်ဆံခြင်းသည်သာလျှင် ယုံကြည်သူတို့၏ အမူအကျင့်ဖြစ်ပါသည်။





သင်တို့တွင် အကြင်သူသည် မိမိ၌ ရှိသမျှကို မစွန့်ဘဲနေ၏။ ထိုသူသည် ငါ့တပည့် မဖြစ်နိုင်ဘူး။ ဆားမူကားကောင်း၏။ သို့သော်လည်း အငန်ကင်းပျောက်လျှင် ငန်သောအရသာကို အဘယ်သို့ ရပြန်မည်နည်း။ (လုကာ၊ ၁၄း၃၅)

## "တပည့်တော်စစ်..."

တစ်ခါက ဂါရီဘယ်(လ်)ဒီအမည်ရှိသော ပုဂ္ဂိုလ်တစ်ဦးသည် မိမိတို့နိုင်ငံထဲသို့ ဝင်ရောက်ကျူးကျော်တိုက်ခိုက်လုယက်ကြသော သူများအား ပြန်လည်တိုက်ခိုက်တွန်းလှန်ဖို့ အတွက် စစ်သားများကို စုဆောင်းလေ၏။ သူသည် တကယ်ပင် နိုင်ငံကို ချစ်ခင်သော စစ်သားများကိုသာလိုလားလေ၏။ သူ့အား အချို့သူများက. . . 'ကျွန်တော် ဒီတိုက်ပွဲမှာ ပါဝင်ရင် ခင်ဗျားဘာပေးမလဲ' ဟု မေးသောအခါ ဂါရီဘယ်(လ်)ဒီက. . .

"ငါ . . . မင်းတို့ကို လစာလည်းမပေးနိုင်ဘူး။ နေစရာအိမ်နှင့် ရိက္ခာအလုံအလောက်လည်း မပေးနိုင်ဘူး။ ငါ မင်းတို့ကို ပေးမယ့်အရာကေတော့ ရေငတ်ခြင်းနှင့် အစာငတ်မွတ်ခြင်း၊ ကြမ်းတမ်းခက်ခဲမှုထဲက ရုန်းကန်ရခြင်းနှင့် အဆင်မသင့်ရင်တောင် သေဆုံးခြင်းကို မင်းတို့ ရယူကြမှာပဲ. . " ဟု ပြောပြလေသည်။ ထို့အပြင် သူက အံကိုတင်းတင်းကြိတ်၍ မိမိတိုင်းပြည်ကို နှုတ်အားဖြင့်မချစ်ဘဲ စိတ်နှလုံးအကြွင်းမဲ့ချစ်တဲ့သူဟာ ငါ့နောက်ကို လိုက်ခဲ့ကြဟု ဖိတ်ခေါ်လေ၏။ တကယ်တော့ ဂါရီဘယ်(လ်)ဒီက ခံယူချက်မရှိဘဲ နိုင်ငံ အတွက် သွား၍တိုက်ခိုက်မည်ဆိုပါကလည်း အကျိုးမရှိ။ မဖြစ်ထွန်းသည်ကို ကောင်းစွာသိ ပါသည်။ ထို့ကြောင့်လည်း မိမိနိုင်ငံကို အပြည့်အဝချစ်၍ ခံယူချက်ကောင်းမွန်သော သူများ ကိုသာ သူနှင့် လိုက်ပါဖို့ရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပါသည်။

ထိုနည်းတူစွာပင် ခရစ်တော်ဘုရားသည် အတ္တစိတ်ကင်းလျက်ရဲရင့်ခြင်းအပြည့်အဝနှင့် သာသနာတော်ကို အစေခံနိုင်မည်သူများကို ရှာဖွေနေပါသည်။ ခရစ်တော်ဘုရား လူ့ဇာတိခံသော ကာလများ၌ပင် မိမိ၏ ဧဝံကလိလုပ်ငန်းတွင် လိုက်ပါလုပ်ဆောင်မည့် တပည့်တော်များကို ရင်ဆိုင်ရမည့် အခက်အခဲအတွက် ကြိုတင်သတိပေးခဲ့ပါ၏။ သာသနာသမိုင်း တစ်လျှောက်မှာ ခရစ်တော်နောက်ကို လိုက်ခဲ့သောသူများစွာတို့သည် အခက်အခဲနှင့် ဒုက္ခဆင်းရဲများကို ခံစားခဲ့ကြရပါသည်။ သို့သော် ထိုတပည့်တော်စစ်တို့၏ အနစ်နာခံခြင်းနှင့် ရဲဝံ့စွန့်စား၊ စွန့်လွှတ်မှုများကြောင့် သာသနာတော်သည် ယနေ့တိုင် တည်တံ့ခိုင်မြဲနေရပါသည်။ တပည့်တော်အစစ်ဖြစ်သော ဆရာယုဒသန်၏ နှလုံးသွေးဖြင့် ရေးခဲ့သော ခံစားချက်ကဗျာတစ်ပုဒ်ကို ခံစားကြည့်ပါ။

ဒုက္ခ၊ သုခ . . . မည်သို့တွေ့တွေ့. . .
ရှေ့တိုး၍ ဆောင်ရွက်မည်။
မြန်မာ့လွင်ပြင်. . . ငါတို့ကြဲ၍
ဇီအုန်ထိပ်၌ ရိတ်မည်။

ကျွန်တော်တို့ တစ်ဦးစီသည် ရှေ့သန့်ရှင်းသူများ၏ ပုံသက်သေကို ယူ၍ တပည့်တော်စစ်ဖြစ်ဖို့ ကြိုးစားရပါဦးမည်။

ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက၊ အထူးသဖြင့် အသက်နှင့်ပြည့်စုံစေခြင်းငှာ လာသတည်း။ (ရှင်ယောဟန် ခရစ်ဝင်ကျမ်း၊ ၁၀း၁၀)

## "ကြွယ်ဝသောအသက်တာ ..."

ကြွယ်ဝသော အသက်တာအကြောင်း ဟောပြောခဲ့သော ဥပုသ်နေ့တစ်နေ့မှာ တရားနာပရိသတ်တစ်ယောက်က ကျွန်တော့်ကို တင်းမာသောမျက်နှာဖြင့် ဆရာဟောတဲ့တရားက ကျွန်မနဲ့မဆိုင်ဘူးလို့ ယူဆတယ်ဟု ပြောပါ၏။ အံ့သြသဖြင့် ဘာမှပြန်မပြောနိုင်ခင်မှာပင် မကြာသေးခင်က မုဆိုးမဖြစ်ခဲ့ရသော အမျိုးသမီးသည်၊ ကြွယ်ဝသောအသက်တာ ဟူသောခေါင်းစဉ်ကိုပင် သဘောမတွေ့ကြောင်းပြောပါ၏။ နာတာရှည်ရောဂါသည်နှင့် ခပ်ဆိုးဆိုးသားတစ်ယောက်ရှိသော အမျိုးသမီးသည် သက်ပြင်းရှိုက်လျက်၊ ကြွယ်ဝဖို့ မမျှော်လင့်နိုင်ပါဘူး။ ကြွယ်ဝဖို့နေနေသာသာ ကန့်သတ်ချုပ်ချယ်မှုတွေနဲ့ချည်းပဲ တွေ့ကြုံရလို့ ဘဝမှာ ဘာတစ်ခုမှ ဖြစ်ချင်တာမဖြစ်ရတာ ဘယ်လိုလုပ်မလဲ။ မကြွယ်ဝချင်နေပါ။ မမွဲတေ. . . မသေရင်ပဲတော်ပါပြီ. . . ဟု ပြောလေ၏။

သို့သော်လည်း သူမသည် ရုန်းကန်ရင်းနှင့် လက်ပန်းကျလာသောတစ်နေ့တွင် ဘုရားကျောင်းသို့ရောက်လာပြီး ဆုတောင်းခံပါသည်။ သခင်၏လက်သို့ မိမိ၏အသက်တာကို အကြွင်းမဲ့ဆက်ကပ်လိုက်ပါပြီဟု ကြေကွဲစွာပြောလာပါသည်။ တစ်ပြိုင်နက်မှာပင် ဘုရားသခင်သည် အံ့သြဖွယ်နိမိတ်လက္ခဏာကို လုပ်ဆောင်ခဲ့ပါသည်။ လူငယ်သင်တန်းတစ်ခုမှာ တယောသင်ပေးရန် စတင်ဖိတ်ကြားခံရပါသည်။ သင်တန်းမှ ပြန်လာသည့်နောက်တွင် အဆက်အစပ်ရရှိလျက် တစ်အိမ်တက်ဆင်း၊ တယောတီးသင် သောအလုပ်ကို မမျှော်လင့်ပဲ စဉ်ဆက်မပြတ် ရလာခဲ့ပါသည်။ သူသင်ပေးသော ဂီတသင် ခန်းစာများမှာ ဓမ္မသီချင်းများထဲမှသာဖြစ်၍ နေ့စဉ်ဂုဏ်တော်ချီးမွမ်းခွင့် ရနေသလိုပါပဲဟု ပြောပြပါသည်။ ထို့ပြင်. . . ဘုရားသခင်အနီးမှာ ရှိနေသလို ခံစားရပါသတဲ့။

တစ်နေ့တွင် သူမ၏အိမ်မှာ ကျေးဇူးတော်ချီးမွမ်းခြင်းပွဲ လုပ်ပါသည်။ ပရိသတ်များစုံလင်သောအခါ. . . ကြွယ်ဝသော အသက်တာအကြောင်းကို ပြောပြဝေငှပါသည်။ သူမက. . . ကြွယ်ဝသော အသက်တာဆိုသည်မှာ၊ ရုပ်ပိုင်းပစ္စည်းများပေါ်များခြင်း အပျော်ခရီးထွက်ခွင့်ရခြင်း၊ သားသမီးများအတွက်ဂုဏ်မြင့်ရခြင်းဟု အောက်မေ့ခဲ့ပါ၏။ သို့သော်. . . ထိုအရာများကို ပိုင်ဆိုင်ရသော်လည်း၊ စိတ်နှလုံးငြိမ်သက်ချမ်းသာမှုမရှိလျှင် အချည်းနှီးဖြစ်၍ ယခုအခါ ကြွယ်ဝသောအသက်တာကို နားလည်ခွင့်ရသောကြောင့် ဘုရားရှင်အား ကျေးဇူးတင်သည်ဟု သက်သေခံပါသည်။ ဘုရားသခင်အနီးမှာရှိလျှင် ကြွယ်ဝသောအသက်တာကို ခံစားရပါမည်။ စိတ်နှလုံးငြိမ်သက်ဝမ်းမြောက်လျှင် ကြွယ်ဝသောအသက်တာကို ရပါလိမ့်မည်။ လောကနှင့်စပ်ဆိုင်သော ကြွယ်ဝခြင်း၏ အမှတ်လက္ခဏာများကို သူပိုင်ဆိုင်သော ဘဏ္ဍာဥစ္စာ၊ စည်းစိမ်ချမ်းသာများဖြင့် တွေ့မြင်နိုင်သကဲ့သို့ ဝိညာဏနှင့်စပ်ဆိုင်သော ကြွယ်ဝခြင်း၏ အမှတ်လက္ခဏာကိုလည်း မြင်သာပါ၏။ ဘုရားသခင်နှင့်နီးကပ်စွာနေခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ရွှင်လန်းလျက်၊ မေတ္တာရှိပါလျှင်. . . ကြွယ်ဝသောသူ အမှန်ပင်ဖြစ်ပေ၏။





ထာဝရဘုရား၏ တရားတော်၌ မွေ့လျော်၍ တရားတော်ကို နေ့ညမပြတ် ဆင်ခြင်အောက်မေ့သောသူသည် မင်္ဂလာရှိ၏။ (ဆာလံကျမ်း၊ ၁း၂)

## "အမှောင်ထဲမှ..."

မြဝတီရုပ်သံမှ လွှင့်ထုတ်သော ကိုရီးယားဇာတ်လမ်းတွဲတစ်ပုဒ်၏အမည်မှာ ကောင်းကင်သိုင်းကွက် ဖြစ်ပါ၏။ ထိုဇာတ်လမ်းတွဲကို ကျွန်တော့်ဇနီးက အလွန်နှစ်သက်၍ မပျက်မကွက်ကြည့်ပါ၏။ ဇာတ်သိမ်းခန်းနီးလာလေလေ ဇာတ်ရှိန်မြင့်လာကာ အလွတ်မပေးနိုင်တော့ပါ။ တစ်ညတွင် ကောင်းကင်သိုင်းကွက်ကိုကြည့်ရင်း လျှပ်စစ်မီးပြတ်သွားရာ မီးစက်ကို သွားဖွင့်ရန်လိုလာပါ၏။ အမှောင်ထုထဲမှာ သားနှင့်သမီးက ထသွားရာ ဟိုတိုက်ဒီတိုက်ဖြစ်ကုန်ပါ၏။ သူတို့အမေက ခဏနေဦး။ ခဏနေပြီးမှ သွားဟု ပြောလျှင် သားငယ်က ဘာဖြစ်လို့လဲဟု ပြန်မေးပါသည်။ သူ့အမေက ရူပဗေဒ မသင်ဖူးဘူးလား။ မှောင်နေရင် ခဏနေလိုက်။ မျက်စိနဲ့ အမှောင် ကျင့်သားလာတဲ့အခါ အမှောင်ထဲမှာပေမယ့် ပိန်းပိန်းပိတ်မမှောင်တော့ဘူး။ နည်းနည်းတော့ မြင်နိုင်တာပဲ။ ဒါကြောင့် အမှောင်နဲ့ကျင့်သားရအောင်နေဦးလို့ ပြောတာဟု ရှင်းပြလေ၏။

မိခင်ပြောသလိုပါပဲ။ အမှောင်ထဲမှာ ခဏနေတော့ မျက်လုံးများက အမှောင်နှင့်ကျွမ်းဝင်ကာ ဝိုးတဝါးမြင်လာရပါ၏။ ထ၍မီးစက်နှိုးဖို့ သွားသောလမ်းသည် တိုက်စရာခိုက်စရာမရှိ။ သွားနိုင်၏။ လာနိုင်၏။ မျက်လုံးများက အမှောင်နှင့် ကျွမ်းဝင်သွားပြီလေ။ အလင်းထဲတွင် နေသားကျသော လူတစ်ယောက်သည် အမှောင်ထုနှင့် ရင်ဆိုင်ရလျှင် မည်သည့်အရာမျှ သဲကွဲစွာ မြင်နိုင်မည်မဟုတ်ကြောင်း လူတိုင်းလက်ခံနိုင်ပါသည်။ အမှောင်ထုနှင့် နေနေကျသောအခါ ဝိုးတဝါးပုံရိပ်များဖြင့် အမှောင်ထဲမှာ မွေ့လျော်ခွင့်ရှိလာပါပြီ။ သုတ္တံစကားများ၌ မကောင်းသော အကျင့်စရိုက်များကို အမှောင်ထုနှင့် ပုံခိုင်းပါသည်။ လောကတွင် လူအများသည် အမှောင်နှင့်ကျင့်သားရလျက် မွေ့လျော်နေပါ၏။ အမှောင်ဟူ၍ပင် မထင်တော့ပါ။ ဝိုးတဝါးပုံရိပ်များကိုပဲ အလင်းဟု အောက်မေ့ကြပါပြီ။

ဒီတစ်ပတ်ဥပုသ်နေ့မှာ ဝတ်ပြုရန် ပျက်ကွက်သော်လည်း ကိစ္စမရှိဘူး။ ကောင်းသောအလုပ်ကို လုပ်ရန်ပျက်ကွက်သော်လည်း ကိစ္စမရှိဘူး။ သူများတွေလည်း ပျက်ကွက်နေတာပဲဟု အောက်မေ့သော အမှုသည် အလင်း၌ရှိသော သူတစ်ယောက်၏ သဘောသဘာဝမဟုတ်တော့ပါ။ အမှောင်ထဲမှာ ကျင့်သားရကာစ အနေအထားဖြစ်၍ ဝိညာဉ်ရေးရာမှာများစွာ စိုးရိမ်စရာဖြစ်လာပါပြီ။ ဆာလံဆရာက မတရားသော သူတို့၏ တိုက်တွန်းခြင်းသို့မလိုက်၊ လူဆိုးတို့၏ လမ်းတွင် မရပ်မနေ။ မထီမဲ့မြင်ပြုသော စည်းဝေး၌ မထိုင်ဖို့ရန်သွန်သင်ပါ၏။ ထိုအမှောင်ထဲမှာ ကျင့်သားရအောင် မနေဖို့ လိုအပ်ပါသည်။ တံငါနားနီးလျှင် တံငါဖြစ်တတ်သည်မို့ အမှောင်ကို အလျော့ပေးသော စိတ်ကို ပြုပြင်ရပါမည်။ တရားတော်ကို နေ့ညမပြတ် ဆင်ခြင်လျက် အလင်းကိုသာ စုံမက်ကြဖို့ ဖြစ်ပါ၏။

ကိုယ့်အတွေးအဖို့အလို့ငှါ၊ ကိုယ့်အသက်ကိုစွန့်ခြင်း မေတ္တာထက်သာ၍ မြတ်သော မေတ္တာသည် အဘယ်သူ၌မျှမရှိ။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း၊ ၁၅း၁၃)

# "မာတုရနှလုံးသား ..."

တစ်ခါက. . . (၁၃)နှစ်အရွယ်သမီးငယ်လေးတစ်ဦးမှာ ခရစ်တော်ကိုမယုံကြည်၊ လက်မခံသေးသော ဖခင်ကြီးအတွက် အလွန်ပင်စိတ်ပူပန်ခြင်း ဖြစ်လေသည်။ တစ်နေ့တွင် သူမသည်အပြင်းအထန်ဖျားနာလေရာ သင်းအုပ်ဆရာဖြစ်သူ ဆရာကြီးအေဂျီဘလက်ဘုန်းကသူမထံသို့သွားရောက်လည်ပတ်၍ အားပေးလေ၏။ သမီးလေးကသူသည် မကြာခင် ကောင်းကင်နေအိမ်သို့ ပြန်တော့မည်ကိုသိ၍ငိုလျှင်ဆရာကြီးက. . . မင်း၊ပြန်ပြီး နေကောင်းလာမှာပါ. . ဟူ၍အားပေးလေ၏။ ထိုအခါသူမက. . . "ကျွန်မတော့ပြန်ပြီး နေကောင်းလာဖို့ မမျှော်လင့်ပါ။" ဟုကြေကွဲစွာပြောပါသတဲ့။ ဆရာကြီးက. . .

ဘာကြောင့်များ ပြန်ပြီးနေကောင်းလာဖို့ မမျှော်လင့်သလဲ။ ဟုအံ့သြစွာ မေးသောအခါတွင် ကလေးမလေးက၊ ကျွန်မခရစ်ယာန်ဖြစ်လာစကတည်းက၊ ကျွန်မတို့ရဲ့အဖေကို ဘုရားကျောင်းမှာ ဆရာကြီးဟောတဲ့တရားကို ကြားနာစေခြင်လိုက်တာ။ အဲတာကြောင့် ဘုရားကိုလာဖို့ အကြိမ်ကြိမ်ခေါ်ငင်သော်လည်း၊ တစ်ကြိမ်တစ်ခါမှမလာပါ။ ဒါပေမယ့်အခု ကျွန်မသေရင် ဘုရားရှိခိုးကျောင်းထဲမှာ ကျွန်မအတွက် ဈာပနပြုကြမှာပဲ။ အဲဒီအချိန်မှာ ဆိုရင်တော့ အဖေဟာဘုရားရှိခိုးကျောင်းကိုလာမှာအမှန်ပဲ။ အဲဒီအခါမှာ ဆရာကသူ့ကို ခရစ်တော်အကြောင်းဟောကြားနိုင်မှာပဲ။ ကျွန်မရဲ့ အဖေသာ ဧဝံဂေလိဝမ်းမြောက်ဖွယ် သတင်းတောကို တစ်ခါကြားနိုင်ဖို့အတွက် သေရမယ်ဆိုရင်တန်ပါတယ်။ တစ်ခါမက ခြောက်ခါမျှပင် သေရမယ်ဆိုရင်လည်း သေဝံ့ပါတယ်. . . ဟုပြောခဲ့လေ၏။ တကယ်ပဲ. . မကြာခင် ကာလ၌အသက်ချုပ်သဖြင့် ဘုရာကျောင်းထဲမှာ ဈာပနဝတ်ပြုခဲ့ပါသည်။ သူမ၏အဖေ ရောက်လာသော်လည်း သင်းအုပ်ဆရာ ပြင်းပြင်းထန်ထန် ဖျားနေသဖြင့်. . . စည်းဝေးမှာဦး မဆောင်နိုင်ခဲ့ပါ။

တစ်နေ့တွင်. . . သင်းအုပ်ဆရာထံသို့ ကိုယ့်ကိုယ်ကို မိတ်ဆက်လျှက်ကလေးမလေး၏ဖခင်ရောက်လာပါသည်။ ထိုသူက. . "ကျွန်တော့်သမီးက၊ကျွန်တော်ဧဝံဂေလိတရာတော်ကိုတစ်ခါကြားနိုင်ဖို့အတွက်၊ ခြောက်ခါမကသေဝံ့တယ်လို့ ပြောခဲ့တာကိုတစ်ဆင့်စကားနဲ့ ကြားရပါပြီးဆရာ။ ဒါကြောင့် သမီးကလေး သိစေချင်သော ကယ်တင်ခြင်းတရားကို ဆရာ ဟောပါတော့. . " ဟုပြောလေ၏။ ဆရာကြီးသည်အံ့အားသင့်လျက်နေပြီးမှ ကယ်တင်ခြင်း ဧဝံဂေလိတရားကို ဟောကြားသည်တွင် ကလေးမ၏။ ဖခင်သည် ခရစ်တော်အား ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံယုံကြည်လာပါ၏။ သူတည်းတစ်ယောက်၊ ကောင်းရာရောက်ဖို့၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ပေးဆက်လာသော မေတ္တာကား တုနှိုင်းမရသည့် မာတုရ (အာဇာနည်) နှလုံးသားစင်စစ်ဖြစ်ပါ၏။





ထာဝရဘုရား၏ အမှုတော်ကို ဝမ်းမြောက်စွာ ဆောင်ရွက်ကြလော့။ ရွှင်လန်းစွာ သီချင်းဆိုလျက် အထံတော်သို့ ဝင်ကြလော့။ (ဆာလံကျမ်း၊ ၁၀၀း၂)

# "ထံတော်သို့ ..."

ငယ်စဉ်တုံးက မော်လမြိုင်ကောလိပ်မှာ ကျောင်းသွားတက်ရခါနီးတိုင်း အမေက စိတ်မချတချနှင့် ကျောင်းကိုရောက်တာနဲ့ စာပြန်ထည့်လိုက်။ ဘေးကင်းလုံခြုံစွာရောက်တဲ့ အကြောင်းကို ရေးလိုက်တဲ့ စာဖတ်ရမှ စိတ်အေးနိုင်မယ့်ဟု တဖွဖွမှာပါသည်။ ဟုတ်ကဲ့. . . ဟုတ်ကဲ့ဟု ပြောပြီး ကျောင်းရောက်တော့ ပျော်ရွှင်နေတာနဲ့ စာပြန်ထည့်ဖို့ မေ့မေ့နေပါ၏။ တောင်ငူမှ သူငယ်ချင်း နယ်လီလှ ကတော့ မိဘကျေးဇူးကိုသိပြီး အိမ်သို့စာ ခဏခဏထည့်ပါ၏။ စာတိုက်ပုံးနားမှာတော့ ကျောင်းသားတွေ အနောက်အပြောင်သန်သဖြင့် ကျွန်တော့်ကို စာထည့်ပေးဖို့ အကူအညီတောင်းတာနဲ့၊ ကျွန်တာ်လည်း သတိရကာ အိမ်ကို အမြန်စာရေးပြီး စာထည့်ခွင့်ရပါသည်။ တစ်ခါလည်းမဟုတ်။ နှစ်ခါလည်း မဟုတ်ပါ။ ကျွန်တော်တို့၏ မိခင်နည်းတူ စိတ်ပူတတ်သော မိခင်တစ်ယောက်အကြောင်း ဖတ်ရပါသည်။ 'အင်နီ၊ ဝေါ်တာ'အမည်ရှိ မိန်းကလေးသည် ဆေးသာသနာပြုအဖြစ် အမှုတော်ဆောင်ရန် တရုတ်နိုင်ငံသို့ ထွက်ခွာသွားခဲ့၏။ ဝေးလံလှပြီး အန္တရာယ်များလှသော ခရီးအတွက် သူ၏မိခင်မှာ စိုးရိမ်ပူပန်နေ၏။ ထို့ကြောင့် သူမ မထွက်ခွာမီ၊ မိခင်က ဒေါ်လာနှစ်ဆယ်တန် ရွှေဒင်္ဂါး တစ်ပြားပေးကာ ထိုအဂ္ဂပ်သို့ရောက်လျှင် 'ဘေးကင်းသည်'ဟူသော ကြေးနန်းတစ်စောင် ရိုက်ရန်မှာကြား၏။ ငယ်ရွယ်သော ထိုသာသနာပြု မိန်းမပျိုကလေးသည် လိုရာအရပ်သို့ ရောက်သောအခါ. . . ဘေးကင်းသည်ဟူသောစကားအစား 'အလွန်ပျော်သည်'ဟူသော ကြေးနန်းကို ရိုက်လေ၏။

အလွန်ပျော်သည်ဟူသော စကားသည် ဘေးကင်းသည်ဟူသော စကားထက်ပို၍ ဝမ်းမြောက်စရာကောင်းပါသည်။ သို့သော် အချို့သောသူများသည် ဘေးကင်းရုံမျှထက်ပို၍ ခံစားလာရရန် မကြိုးစားကြပါ။ ထိုသို့သောသူများအဖို့ တပည့်တော်ဖြစ်ရခြင်းအတွက် ဝမ်းမြောက်ခြင်း၊ ဘုရားရှင်အတွက် စွန့်စားခြင်းတို့မရှိတတ်ပါ။ သခင်ယေရှုက. . . 'ငါ့နောက်သို့လိုက်လော့. . . 'ဟူ၍ ပိုမိုဝမ်းမြောက်ဖွယ်ကောင်းသော စကားတစ်ခွန်းကို မိန့်တော်မူခဲ့ပါသည်။

ကိုယ်တော်၏ အတောင်တော်အရိပ်အောက်မှာ ဘေးလွတ်လုံခြုံစွာနေသော အခွင့်သည် ကောင်းမြတ်သည်ဖြစ်၍ ထိုကောင်းကြီးမင်္ဂလာ၌သာမရပ်နေပဲ ကိုယ်တော်နည်းတူ အသက်ရှင်၍ ကိုယ်တော်နှင့်အတူ လျှောက်လှမ်းရန် ဝိညာဉ်မှာ တစ်ဆင့်တက်လာဖို့ ဆုတောင်းကြပါစို့။ ကိုယ်တော်အားနေ့စဉ် အစေခံရန်အခွင့်အရေးအတွက်လည်း ကျွန်တော်တို့ ဝမ်းမြောက်ပျော်ရွှင်လျက် နေထိုင်သင့်ကြောင်းကို အောက်မေ့ကြပါစို့။ ဆာလံဆရာက. . . ထာဝရဘုရား၏ အမှုတော်ကို ဝမ်းမြောက်စွာ ဆောင်ရွက်ကြလော့ဟု ဖော်ပြသောကြောင့် မိမိတတ်နိုင်သည့်နေရာ အခြေအနေမှနေ၍ ကိုယ်တော်အတွက် ဘုန်းတော်ထင်ရှားစေသောအရာများဖြင့် စွန့်စားမှုတစ်ခုခုကိုတော့ နေ့စဉ်ပြုရန် ဖြစ်ပါသည်။

ယုံကြည်ခြင်းအားနည်းသောသူတို့ အဘယ်ကြောင့် ကြောက်တတ်သနည်းဟု မေးတော်မူပြီးလျှင် ထ၍ လေနှင့် ပင်လယ်ကို ဆုံးမတော်မူသဖြင့် အလွန်သာယာလေ၏။ (မဿဲ၊ ၈း၂၆)

## "မေးခွန်း ..."

ကြောက်တာကို ဘာဖြစ်လို့ ကြောက်တာလဲ. . ဟု မေးသောအခါ ပြန်ဖြေရန် တော်တော်ခက်ပါသည်။ ကြောက်စရာအခြေအနေဖြစ်၍ ကြောက်ရတာရှိသလို ဘာမှမဟုတ်ပဲနဲ့ ကြောက်နေသောအဖြစ်မျိုးလည်း ရှိပါ၏။ ကြောက်လန့်ခြင်းသည် စင်စစ်မလုံခြုံသော အခြေအနေကို စိုးရိမ်ခြင်းမှ ဖြစ်ပေါ်လာပါ၏။ အမေရိကန်ပြည်မှ အမျိုးသမီးတစ်ဦး၏ လွန်ခဲ့သောနှစ် ငါးဆယ်ခန့်က သက်သေခံချက်တစ်ခုကို ယနေ့ညမှာဝေမျှလိုပါသည်။ ကြောက် လန့်ခြင်း အမျိုးမျိုးနှင့် အသက်ရှင်သော ကျွန်တော်တို့အတွက် သင်ရန်စာတစ်ခုကိုရမည်ဟု မျှော်လင့်ပါ၏။ သူမက. . .

လွန်ခဲ့သောနှစ်အနည်းငယ်က ကျွန်မသည် ဒုတိယမြောက်အဲလစ်ဝက်ဘုရင်မအမည်ရှိ ခရီးသည်တင် သင်္ဘောကြီးဖြင့် ဥရောပမှ ပြန်လာခဲ့စဉ် အတ္တလန်တိတ်သမုဒ္ဒရာထဲ၌ ပြင်းထန်သောမုန်တိုင်းမိခဲ့ပါ၏။ လေပြင်းကြောင့် ပေါ်ပေါက်လာသော တောင်လုံးပမာလှိုင်းလုံးကြီးများသည် သင်္ဘော၏ နံဘေးကို ပြင်းထန်စွာရိုက်ခတ်နေ၏။ ကြမ်းပြင်ပေါ်သို့ လိမ့်မကျရေးအတွက် ကျွန်မမှာ ကုတင်ကို ဆုပ်ကိုင်ထားရပြီး တစ်ညလုံးမအိပ်နိုင်ပါ။ နံနက် (၄)နာရီထိုးသည်အထိ ကြောက်စိတ်ဖြာလျက်ပင် မီးဖွင့်ပြီး သမ္မာကျမ်းစာကို ယူကာ ကျရာစာမျက်နှာကို ဖွင့်ဖတ်လိုက်ရာ ပထမဦးဆုံး တွေ့လိုက်ရသော ကျမ်းစကားမှာ မဿဲ၊ ၈း၂၆ပင် ဖြစ်ပါသည်။ အသံတစ်သံက ကျွန်မအား ပြတ်သားစွာ စကားပြောလိုက်သကဲ့သို့ ခံစားမိ၏။

ကြောက်စိတ်ပြယ်ပြီး ခတ်သုတ်သုတ်အဝတ်အစားလဲကား ကုန်းပတ်ပေါ်သို့ တက်သွားရာ အလွန်တင့်တယ် ခမ်းနားသောရှုခင်းတစ်ရပ်ကို တွေ့ရပါတော့၏။ အာရုဏ်ကျင်း၍ လင်းရောင်ဖြာစဉ် လှိုင်းလုံးကြီးများရှိနေဆဲပင် ဖြစ်ပါသည်။ တဖြည်းဖြည်းလင်းလာစဉ် လေပြင်းတိုက်ခတ်နေသော ပင်လယ်ပြင်၌ လှပသောသက်တံ့ပေါ်လာပါတော့၏။ ငြိမ်သက်နေသာ ကျွန်မ၏ ဘဝ၌ မလွဲမရှောင် ပေါ်ပေါက်လာတတ်သော မုန်တိုင်းများကို သခင်ယေရှုက ငြိမ်သက်စေကြောင်း သတိရလာပါသည်။ မုန်တိုင်းထဲ၌ပင်လျှင် သက်တံ့ပေါ်လာနိုင်သည်ကိုပါ သတိရလာပြန်သောကြောင့် ကျွန်မမှာ လုံးဝမကြောက်တော့ပါ. . .။ ထို့နောက်တွင်. . . ဒူးထောက်၍ ဆုတောင်းမိပါသည်။ မုန်တိုင်းကျသော်လည်း မေတ္တာတော်သည် အစဉ်အမြဲတည်မြဲနေကြောင်း သတိရစေပါ. . . ဘုရားသခင်။

စင်စစ် ကျွန်တော်တို့ ကြောက်ရသောအရင်းခံမှာ ယုံကြည်ခြင်းအားနည်းသောကြောင့် ဖြစ်ပါ၏။ မိမိကိုယ်ကို ယုံကြည်ခြင်း၊ မိသားစုကိုယုံကြည်ခြင်း၊ ဘုရားသခင်ကိုယုံကြည်ခြင်းများကို တည်ဆောက်နိုင်ခဲ့လျှင် လောကမုန်တိုင်းလှိုင်းထန်သော်လည်း မေတ္တာတော်သည် အစဉ်တည်မြဲသဖြင့် ကြောက်လန့်ခြင်း ကင်းစွာနေထိုင်နိုင်ပါလိမ့်မည်။





တောင်းသောသူမည်သည်ကားရ၏။ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဖသည် သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အား မပေးပဲ အဘယ်သို့ နေတော်မူမည်နည်း။ (မဿဲ၊ ၇း၁၁)

## "မပေးပဲမနေ ..."

မြေးကလေးကို တိရိစ္ဆာန်ဥယျာဉ် လိုက်ပို့ဖို့ဂတိပေးထားတာကြာပါပြီ။ အလုပ်မအား၍ နေ့ရွှေ့ညရွှေ့ လုပ်နေရာမှ ဒီတစ်ခါတော့. . . မရတော့ပါ။ ကလေးက ငိုပဲငိုနေသည့်အပြင် ဖိုးဖိုးက လိမ်တတ်တယ်။ လိမ်ရင် ဘုရားသခင်မကြိုက်ဘူးဟု ပြောလာရာမသွားမဖြစ်၍. . သွားပို့ရပါ၏။ တကယ်တော့ ရန်ကုန်မြို့ထဲသို့ ကျွန်တော်မရောက်တာကြာခဲ့ပါပြီ။ ယခုရောက်သွားလျှင် အရာရာသည် ဆန်းသစ်လှပခေတ်မီတိုးတက်နေပါသည်။ တစ်နှစ်နှင့်တစ်နှစ်မတူပြောင်းလဲနေသော မြို့ထဲမှာ မြို့သူမြို့သားအများကလည်း ဝတ်စားဆင်ယင်မှု ထူးခြားနေပါ၏။ အထူးသဖြင့် လူငယ်များမှာ မြန်မာဆန်သောအဝတ်အစား အပြင်အဆင်များထက် ကိုရီးယားဇာတ်လမ်းတွဲထဲမှ မင်းသား၊ မင်းသမီးနှင့် ပို၍ တူပါ၏။ ခေတ်မီစွာ လှပနေကြပါ၏။ ပြောင်းလဲခြင်းတစ်ခုမှာ 'ကိုရီးယားဆန်ခြင်း'က အတော်များများနေရာယူနေပါ၏။

မကြာခင်တစ်နေ့မှာ တွယ်တာထွန်းအမည်ရှိ မိန်းကလေး၏ ခြေထောက်နာကျင်သဖြင့် လမ်းမလျှောက်နိုင်လျှင် ကျွန်တော်က. . . သံလိုက်ဆီ၊ ဒါဏ်ကြေဆေးများ လိမ်းထားပါလားဟု ပြောမိလေသည်။ သူမက ရယ်လျက်. . . ကိုရီးယား ဂျင်ဆင်းဆေးလိမ်းထားတယ်ဟု ပြန်ပြောပါသည်။ ကျွန်တော်အံ့သြသွားပါ၏။ နေရာတကာမှာ ကိုရီးယားယဉ်ကျေးမှု၊ ဆေးဝါးအတွေးအခေါ်များသည် ရုပ်သံမီဒီယာများမှတစ်ဆင့် လွှမ်းမိုးခြင်းကို များစွာခံနေရပါသည်။ ဂလိုဘယ်လိုက်ဇေးရှင်းကာလတွင် နိုင်ငံများက 'အမေရိကန်ဆန်ခြင်း' ပြဿနာကို ရင်ဆိုင်နေရပါ၏။ အမေရိကန်ဆန်ခြင်းကြောင့် အာရှတန်ဖိုးများ ကျဆင်းသွားပါ၏ဟု သုံးသပ်ကြပါသည်။ ယခုကာလမှာတော့ ကိုရီးယားဆန်ခြင်းသည် ထင်ရှားလျက် ရှိပါ၏။ ခေတ်မီခြင်း၊ လှပခြင်းနှင့် မေတ္တာကြီးများခြင်းများကို ဇာတ်လမ်းတွဲများတွင် ရှုမြင်ရပါ၏။ သို့သော် ကိုရီးယားနိုင်ငံ၌ မထင်မရှားသော လွှမ်းမိုးမှုတစ်ခုကိုတော့ ဆင်ခြင်စရာရှိပါ၏။

ကိုရီးယားနိုင်ငံ၌ လူဦးရေ ၉၀% သည် ခရစ်ယာန်များဖြစ်ကြပါသည်။ ခရစ်တော်ကို ယုံကြည်လျက် မိမိတို့၏ အချိန်နာရီကို တကယ်ပေးနိုင်၊ ဆက်ကပ်နိုင်ကြပါ၏။ နံနက်စောစော၊ အလုပ်မသွားမီ ဘုရားကျောင်းများတွင် နံနက်ဝတ်ကို နေ့စဉ်ဝတ်ပြုကြပြီးမှ အလုပ်ခွင်သို့သွားကြပါ၏။ နေ့စဉ်နှင့်အမျှ ဘုရားသခင်ထံတော်ရင်းသို့ တိုးဝင်ချဉ်းကပ်ကာ၊ တစ်နေ့တာလုံး လမ်းပြပို့ဆောင်မည့်အကြောင်းကို ဆုတောင်းခဲ့ကြပါသတဲ့။ ထို့ကြောင့်လည်း ကိုရီးယားတို့သည် ကောင်းကြီးမင်္ဂလာကို အလျှင်အမြန်ရရှိခံစားလာကြသလား။ အောင်မြင်သောအခွင့်ကို ဘုရားသခင်သည် ကြီးကျယ်ခမ်းနားစွာချပေးပါသလားဟု တွေးတောမိပါသည်။ ကိုရီးယားတို့၏ အနုပညာ၊ ကိုရီးယားတို့၏အစာ၊ ကိုရီးယားတို့၏ယဉ်ကျေးမှုသာမက ထုတ်ကုန်များပါ. . . ကမ္ဘာပေါ်မှာ အောင်အောင်မြင်မြင်၊ တွင်တွင်ကျယ်ကျယ် လွှမ်းမိုးလာပါသည်။ သူတို့၏ဆုတောင်းသံကို ဘုရားရှင်နားညောင်းသည့်နည်းတူ ကျွန်တော်တို့ တောင်းလျှောက်လျှင်လည်း ရနိုင်သည်ကို သိမှတ်ကြပါစို့။

လူသည် အဘယ်သို့သောသူဖြစ်၍ ကိုယ်တော်သည် အောက်မေ့တော်မူရသနည်း။ (ဆာလံကျမ်း၊ ၈း၄)

## "ကျွန်တော်နှင့် နှင်းဆီနီ ..."

ကျွန်တော့်စိတ်ထဲမှာ နှင်းဆီပန်းနီနီကလေးများကို အလွန်မြတ်နိုးနှစ်သက်နေခဲ့ပါသည်။ ငယ်စဉ်ကတည်းကပဲ စွဲလန်းခဲ့ရသော နှင်းဆီရနံ့နှင့် နှင်းဆီပွင့်လှလှတို့ကို ဘယ်နှစ်ကြိမ်ပဲ ခံစားရသည်ဖြစ်စေ မငြီးငွေ့ပါ။ ချစ်သူကို ရသောအခါ ကျွန်တော်မြတ်နိုးသော နှင်းဆီပန်းနီနီကိုပဲ ပထမဦးဆုံး လက်ဆောင်ပေးရာ သူမကငြင်းပယ်ပါ၏။ တို့နှစ်ယောက်ကွဲသွားမှာစိုးလို့ မယူချင်ဘူးဟုဆိုလျှင် ကျွန်တော်က ယူပါ၊ ချစ်ခြင်းမေတ္တာအတွက် အာမခံပါတယ်ဟု ပြောသော်လည်း သူမက လက်မခံခဲ့ပါ။ ကျွန်တော့်နှင်းဆီနီနီအစား အဖြူရောင်နှင်းဆီကို ပြောင်းလဲတောင်းဆိုသော်လည်း ခေါင်းမာသော ကျွန်တော်က နှင်းဆီနီနီကိုပဲ ပန်ဆင်ပေးခဲ့ပါ၏။ ဘာဖြစ်လို့များနှင်းဆီနီနီကို ကျွန်တော်စွဲလန်းမြတ်နိုးနေမိပါလိမ့်ဟု ယခုအချိန်မှာ စဉ်းစားမိပါ၏။ သည်ပန်းကလေးသည် အသီးမသီး။ စားစရာမရ။ ချည်ငင်မပေး။ ဝတ်စရာမရ။ အမိုးအကာဆောက်လုပ်ရန် သစ်သားမပေးရုံမက၊ မီးဖိုရန် ထင်းလည်း မရနိုင်ပါ။ သို့သော်. . . မိုးဦးလေရူးကြားထဲမှာ ယိမ်းနွဲ့နွဲ့နှင့် မွှေးသောရနံ့သဲ့သဲ့ကို ပေးဆက်နေသည့် အနီရောင်ပွင့်ချပ်နုနုများကို မြင်ရသောအခါတိုင်း ကြည်နူးဝမ်းမြောက်ခဲ့ရပါ၏။

တကယ်ဆိုလျှင်. . . နှင်းဆီပန်းများ မပေါက်လျှင်လည်း ကျွန်တော်ထိခိုက်စရာအကြောင်း မရှိပါ။ သို့သော်. . . နှင်းဆီပန်းကို ကျွန်တော်လိုအပ်နေသည်ကိုတော့ နှလုံးသားထဲမှ ခံစားရပါ၏။ သူ၏ တင့်တယ်မှုက ကျွန်တော့်၏ စိတ်ကို ကြည်နူးခြင်းအရသာကို ခံစားရသောကြောင့် ကျွန်တော့်ဘဝကို လန်းဆန်းစေပါ၏။ ရွှင်မြူးစေပါ၏။ ပျော်ရွှင်ရန်လည်း အခွင့်ရပြန်၏။ နှင်းဆီနီနီတစ်ပွင့်ကို ဆုတ်ကိုင်လျက် အသက်တာခရီးမှာ လျှောက်သွားရတာ ပိုပြီး သာတောင့်သာယာ ရှိသလိုပါပဲ။

တစ်နည်းအားဖြင့်ဆိုလျှင် ကျွန်တော်တို့တစ်ယောက်စီသည် နှင်းဆီပန်းကလေးများနှင့်တူပါ၏။ ဘုရားသခင်သည် သူ၏ တည်ရှိရေးအတွက် ကျွန်တော်တို့ဘာမှ မကူညီနိုင်ပါ။ ကျွန်တော်တို့ ဖန်ဆင်းမခံရခင်ကတည်းက ကိုယ်တော်ရှိနေပါပြီ။ ကျွန်တော်တို့မရှိတော့ဘူး။ နှင်းဆီတစ်ပွင့်လိုပဲ ကြွေသွားခဲ့ချိန်မှာ ဘုရားသခင်ကတော့ရှိနေဦးမှာပဲ။ သို့သော်. . . ကျွန်တော်တို့ ရှိနေခြင်းကြောင့် ကိုယ်တော်သည် ကြည်နူးဝမ်းမြောက်နေပါ၏။ ကိုယ်တော်သည် ကျွန်တော်တို့၏ အသက်တာများ၏ တင့်တယ်မှုကြောင့် ဝမ်းမြောက်ကြည်နူးပြီး ချစ်နေရခြင်း၏ အကြောင်းရင်းမှာ ကျွန်တော်တို့အသုံးဝင်သောကြောင့် မဟုတ်။ ကျွန်တော်တို့ရှိနေခြင်းကြောင့်ပေတည်း။





ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်။ အကြောင်းမူကား. . . ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည်ကိုလည်းကောင်း ယုံကြည်ရမည်။ (ဟေဗြဲ ဩဝါဒစာ၊၁၁း၆)

## "ယုံကြည်ခြင်းနှင့်.."

ယုံကြည်ခြင်းမရှိလျှင် အသက်မရှင်နိုင်ပါ။ လေကြောင်း၊ ရေကြောင်း စသည်တို့၌ ခရီးပြုရသောအခါ ဘာမှလည်းမမြင်ရ၊ ဘာမှလည်း နားမလည်ဘဲနှင့် ပို့ဆောင်သော ကက်ပီတန်၏ လက်၊ အရည်အချင်းကို ယုံကြည်လျက်ခရီးပြုကြရပါ၏။ လုပ်ငန်းတစ်ခုကို ဆောင်ရွက်သောအခါ၊ အောင်မြင်မှုရှိမည်ဟု ယုံကြည်ပြီး လုပ်ကိုင်ဆောင်ရွက်၏။ မိတ်ဆွေဖွဲ့သောအခါ တစ်ဦးကိုတစ်ဦးအကျိုးပြုခွင့်၊ တစ်ဦးစီအတွက် အကျိုးခံစားခွင့်ရှိမည်ကို ယုံကြည်ကာ မိတ်ဆွေဖွဲ့၏။ ကျောင်းသူကျောင်းသားများသည် ပညာတတ်မည်။ ဗဟုသုတရရှိပြီး ဉာဏ်ပွင့်လင်းမည်ကို ယုံကြည်၍ ကျောင်းတက်ကာ စာသင်ကြရ၏။ အိမ်ထောင်ပြုသောအခါ၌ပင် အိမ်ထောင်ဖက်ကို ယုံကြည်သောကြောင့် စိတ်ချအားထားသဖြင့် ထိမ်းမြားလက်ထပ်ကြပါသည်။ ထို့ကြောင့် လူ့ဘဝနှင့် အသက်ရှင်ရသော အခွင့်အခါ၌ ယုံကြည်ခြင်းသည် အလွန်အရေးကြီးသော အချက်တစ်ခုဖြစ်ပါ၏။

ဖရန်ကလင်သည် လေတံခွန်ခေါ် စွန်လွှတ်ခြင်းကို လေ့လာရာမှ လျှပ်စစ်ဓာတ်အားသည် လူများအတွက် အကျိုးများစွာ ပြုနိုင်ကြောင်း ယုံကြည်၍ တီထွင်ခဲ့ပါသည်။ ဒေါက်တာအဲလ်ဘတ်ဆွိုက်ဇာသည် မိမိ၏ ဂုဏ်ဒြပ်၊ စွမ်းရည်ရှိသမျှကို ဘုရားသခင်ကိုပေးမည်ဟု ယုံကြည်၍ အာဖရိကတိုက်သို့ သွားကာ မှောင်မိုက်သော နိုင်ငံများ၌ တစ်သက်တာကာလပတ်လုံး အမှုတော်ဆောင်ခဲ့ပါသည်။ ဟယ်လင်ကဲလားအမည်ရှိ ဘဝကို အောင်မြင်အောင် တိုက်ခိုက်နိုင်ခဲ့သူ ကမ္ဘာကျော်မျက်မမြင်သူ၊ မိန်းကလေးပြောခဲ့သော စကားတစ်ခွန်းမှာမူ ဆင်ခြင်ဖို့ အလွန်ကောင်းပါသည်။

ယုံကြည်ခြင်းဆိုတာ ကူရှင် (ဆိုဖာဖုံ) တစ်ခုမဟုတ်ပါဘူး။ ကျောမှီခါးဆန့် ဇိမ်ကျကျနေနိုင်ဖို့ ယုံကြည်ခြင်းကို အသုံးပြုတာမဟုတ်။ အလုပ်ကို ရွှံ့ရွှံ့ချွံချွံလုပ်ဆောင်ရန် တွန်းအားဖြစ်ပါသည်ဟု ဆိုပါသည်။ အသက်ရှင်မှုတွင် မေတ္တာတရားသည်သာလျှင် ဗဟိုအချက်အခြာဖြစ်သည်ဟု သခင်ယေရှုယုံကြည်တော်မူသည်အတိုင်း အပြစ်သားတို့အား မေတ္တာလမ်းစဉ်ဖြင့် ကယ်တင်တော်မူ၏။ ယုံကြည်ခြင်းသည် အရှိန်ပြင်းသော တန်ခိုးအာနိသင်ရှိပါသည်။ ယုံကြည်ခြင်းသည် အောင်မြင်ခြင်းဖြစ်ပါသည်။ ယနေ့တွင် ကျွန်တော်တို့သည် မည်သူကို ယုံကြည်နေကြပါသနည်း။ အဘယ်မည်သော ယုံကြည်ချက်များအပေါ်၌ တည်လျက် အသက်ရှင်လှုပ်ရှားနေကြပါသနည်း။ တကယ်တော့ ကျွန်တော်တို့၏ အစွမ်းခွန်အား၊ နည်းပါး၍ မလုံလောက်ကြောင်းကို နှိမ့်ချစွာ ဝန်ခံနိုင်ပါရဲ့လား။ ထာဝရဘုရားသခင်ကိုသာ ယုံကြည်လျက် ဘုရားသခင်၏ ပို့ဆောင်ခြင်းကိုသာ အကြွင်းမဲ့စိတ်ချလျက် ရှေ့ဆက်အသက်တာကို လျှောက်လှမ်းသွားကြပါစို့။ ကျမ်းစာ၌. . . ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်ဘူးဟု. . . လာပါ၏။ ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့ရင်၊ ကွယ်ကာစောင်မလမ်းပြမှုကို မည်သို့ရမည်နည်း။ သို့ဖြစ်၍ ဘုရားသခင်၏ စိတ်တော်နှင့် တွေ့စေသော ယုံကြည်ခြင်းကို စွဲမြဲစွာထားရှိဖို့လိုပါ၏။ ယုံကြည်သော အရာသည် မလွယ်ကူသောကြောင့် ယုံကြည်ခြင်းခွန်အားတိုးပွားဖို့လည်း ဆုတောင်းပဌာနာ ပြုကြရပါဦးမည်။

ငါတို့သည် အားနည်းသော်လည်း ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် ခရစ်တော်နှင့်အတူ အသက်ရှင်ခြင်းရှိကြလိမ့်မည်။ (ကောရိန္သုဩဝါဒ၊ ဒုတိယစောင်၊ ၂၁း၁၄)

## "ဗဟိုပြု၍..."

ငယ်စဉ်က မိုးလေဝသသတင်းကြေငြာချက်ကို သတိရပါ၏။ မုန်တိုင်းငယ်သည် ကပ္ပလီပင်လယ်ပြင်ကို ဗဟိုပြု၍. . . စသည်ဖြင့် ကြားရသော်လည်း ဗဟိုပြုသော အဓိပ္ပာယ်ကို နားမလည်ခဲ့ပါ။ ဝန်ခံကြစတမ်းဆိုလျှင် ဘုရားကျောင်းမှာ ခရစ်တော်ကို ဗဟိုပြု၍ အသက်ရှင်ပါဟူသော ဒေသနာများကို ကြားခဲ့ဖူးသော်လည်း သိပ်သဘောမပေါက်ခဲ့ပါ။ ဘာလဲ. . ။ ဗဟိုပြုတယ်ဆိုတာ။ သို့သော်တစ်နေ့က မြို့ထဲသွားသော ဘတ်စကားကြီးကြီးတစ်စီးပေါ်သို့ ရောက်မှ ဗဟိုပြုသော သင်ခန်းစာကို သင်ယူခဲ့ရပါ၏။ ထိုနေ့ကကားကလည်း ကြပ်သည်ဆိုတော့ ယာဉ်နောက်လိုက် (စပယ်ရာ) က ကားပေါ်မှ ခရီးသည်ကို မနိုင်မနင်းကြီးကြပ်၍ နေရာချပါ၏။ သူကြီးကြပ်ကွပ်ကဲသော စကားများကို နားထောင်ကြည့်ပါ။

ခေါင်းဖြူဖြူနဲ့ ဆရာကြီး ရှေ့နားတိုးပါး ဟု ပြောသဖြင့် ကျွန်တော်က ဟုတ်ကဲ့ဟု ဖြေ၍ တိုးပေးပါသည်။ ခဏနေတော့ သူက ဟို ညီမလေး ခေါင်းဖြူဖြူဆရာကြီးနားတိုးပေးပါ. . . တဲ့။ နောက်. . . ခေါင်းဖြူဖြူဆရာကြီးရှေ့ကအစ်ကို ယာဉ်စီးခလေးလှမ်းလိုက်ပါတဲ့။ တစ်ခါ ခေါင်းဖြူဖြူဆရာကြီး ဘေးနားက အစ်မကြီး ရှေ့ကို ကပ်ထားပေးပါ။ နောက်တစ်ယောက်လာဦးမယ်. . . တဲ့။ ပြီးလျှင် မကြာခင်မှာပဲ. . . ခေါင်းဖြူဖြူဆရာကြီးနောက်က. . . ဦးလေး၊ စိုက်ပျိုးရေးဆင်းမယ်ဆိုရင် တိုးလာခဲ့။ မှတ်တိုင်နီးပြီတဲ့. . . ။

ကျွန်တော် တော်တော်စိတ်ညစ်သွားပါ၏။ ဆံပင်ဖြူတာကို အကြောင်းပြု၍ ခေါင်းဖြူဖြူနှင့်ဆရာကြီးဟု သူ ပညတ်လိုက်ပြီးလျှင် ကျွန်တော့်ပတ်ဝန်းကျင်မှ ခရီးသည်များအားလုံးကို ညွှန်ကြားလေ၏။ နေရင်းထိုင်ရင်း ဗဟိုပြုခံရသည်ကို ခံစားရပါ၏။ ကျွန်တော့်နားက၊ ကျွန်တော့်နောက်က၊ ကျွန်တော့်ဘေးက စသည်ဖြင့် သူက ညွှန်ကြားလေတိုင်း ဗဟိုပြုခံရသော ကျွန်တော့်နားရောက်သည်ဖြစ်စေ။ သူတို့နား ကျွန်တော်ရောက်သည်ဖြစ်စေ ဆူးလေရောက်သည်အထိ ခေါင်းဖြူဖြူဆရာကြီး. . . ကို ဗဟိုပြုခံနေရတော့ ကားပေါ်ကလည်း ဆင်းရော၊ မိန်းမရေ ပိုက်ဆံမြန်မြန်ပေးစမ်းပါ။ ဒီခေါင်းကြီးသွားဆိုးလိုက်တော့မယ်. . . ဟု ပြောမိလေ၏။

ဗဟိုပြုခြင်း. . . သည် လွယ်ကူပါ၏။ ဗဟိုပြုခံရခြင်းက မလွယ်ကူပါ။ ဗဟိုပြုစရာရှိသောအခါ လွယ်ကူသည်ကို နားလည်ရပါသည်။ ခရစ်တော်ကို ဗဟိုပြုလျက် လုပ်ဆောင်သောအခါ လွယ်ကူရှင်းလင်းလျက် လုပ်ဆောင်သမျှသည် အောင်မြင်စရာရှိပါ၏။ ဗဟိုပြုခံသော ခရစ်တော်သည် ထင်ရှားသော အမှတ်အသားရှိပါ၏။ သူ၏စွန့်လွှတ်သော မေတ္တာတန်ခိုးအားဖြင့် ကယ်တင်ခြင်းတရားကို ထင်ရှားစေသူဖြစ်ပါ၏။ ခရစ်တော်ကို ရသောသူ၊ ခရစ်တော်ကို ဗဟိုပြုသောသူတို့၏ အောင်မြင်မှုသာဓကများ ရှိပါသည်။ ကိုယ်တော်သည် အသက်လွတ်ရုံမျှမဟုတ်၊ အသက်နှင့်ပြည့်စုံစေခြင်းငှာ မြေကြီးပေါ်သို့ ကြွလာသော အရှင်ဖြစ်၍ ဗဟိုပြုရန်အကြောင်းကြီးပါသည် မိတ်ဆွေ။





အလုပ်လုပ်၍ အားနည်းသောသူတို့ကို မ,စရမည်ကိုလည်းကောင်း၊ အစွန့်အကြဲခံရခြင်းအရာထက် စွန့်ကြဲခြင်းအရာသည် သာ၍ မင်္ဂလာရှိသည်ဟု သခင်ယေရှု မိန့်တော်မူသော စကားကို အောက်မေ့ရမည်။ (တမန်တော်ဝတ္ထု၊ ၂၀း၃၅)

## "ဝေမျှသောအသက်တာ..."

ယေရုရှလင်မြို့၌ ရှိသော အသင်းတော်သည် ပြင်းစွာသော ညှဉ်းဆဲခြင်းကို ခံရသဖြင့် သင်းဝင်သူအပေါင်းတို့သည် ယုဒပြည်၊ ရှမာရိပြည်အရပ်ရပ်တို့၌ အနှံ့အပြားကွဲပြားကြ၏။ ရှောလုသည် အသင်းတော်ကို ဖျက်ဆီးလေ၏။ အိမ်များသို့ဝင်ပြီးလျှင် ယောကျ်ားမိန်းမတို့ကို ဆွဲငင်၍ ထောင်ထဲ၌ လှောင်ထားတတ်၏။ ထို့ကြောင့် အရပ်ရပ်သို့ ကွဲပြားသောသူတို့သည် လှည့်လည်၍ နှုတ်ကပတ်တော်ကို ဟောပြောရာမှ မြေကြီးစွန်းတိုင်အောင် ဧဝံကလိတရားနှံ့ပြားခဲ့ရပါသည်။

အစားကောင်းတစ်ခုကို စားရသောအခါ သို့မဟုတ်ကြည်နူးဖွယ်ရှုခင်းတစ်ခုကို မြင်ရသောအခါ သို့မဟုတ် ဝမ်းမြောက်ဖွယ်သတင်းစကားကို ကြားရသောအခါ နီးစပ်ခင်မင်သူများကို မဝေမျှပဲ မနေနိုင်။ တစ်ခါက ငါးမျှားဝါသနာပါသော လူငယ်တစ်ယောက်သည် အင်းတစ်ခု၌ ငါးမျှားရန်အလွန်ဆင်ပြေသဖြင့် မိမိနှင့်ဝါသနာတူ မိတ်ဆွေများကိုခေါ်ဖိတ်၍ အတူတကွ ပျော်ရွှင်စွာမျှားယူကြပါသည်။ သူခံစားရသော ဆုကျေးဇူးကို ဝေမျှခဲ့ပါသည်။ တစ်နေ့သောအခါက လက်ဖက်ရည်စားပွဲတစ်ခု၌ တည်ခင်းထားသော စားပွဲပေါ်သို့ ပုရွှတ်ဆိတ်တစ်ကောင်လာပြီး သကြားခွက်သို့ တက်လျှောက်သွား၏။ သကြားတစ်မှုစားပြီး တစ်ပွင့်ကို သယ်ဆောင်ကာလာသောလမ်းက ပြန်ဆင်းသွား၏။ နောက်ခဏတွင် ပထမလာသော ပုရွက်ဆိတ်ကရှေ့ဆောင်ကာ စီတန်းပြီး ပုရွှတ်ဆိတ်များစွာပင် စားပွဲပေါ်သို့တက်လာ၏။ ခေါင်းဆောင်ပုရွှတ်ဆိတ်နည်းတူ၊ တစ်ကောင်နောက်တစ်ကောင် သကြားတစ်ပွင့်ကိုစားပြီး တစ်ပွင့်စီကို သယ်ဆောင်လျက် စားပွဲအောက်သို့ဆင်းသွား၏။ နောက်. . . ခဏတွင်မူ ပုရွက်ဆိတ်များစွာပင်ရောက်ရှိလာပြီး စီတန်းလျက် များစွာသောသကြားချိုချိုကို စားသောက်သယ်ဆောင်ရာ စားပွဲပေါ်မှ သကြားခွက်သည် တက်တက်ပြောင်ကာ ကျန်ရစ်ခဲ့လေ၏။ ဝေမျှခံစားလိုကြသော ပုရွှတ်ဆိတ်တို့၏ စိတ်ကောင်း စေတနာကို သင်ရန်စာယူနိုင်ပါ၏။ လူအများသည်မိမိ၏ ဆုကျေးဇူးကို မိမိတစ်ကိုယ်တည်းသာ ခံစားစရာအဖြစ် အောက်မေ့လျက်၊ ဝေမျှခံစားကြဖို့ အတော်ခက်ခဲကြပါ၏။ အချို့များဆိုရင် ဘုရားသခင်ဖန်ဆင်းထားသောကောင်းကင်၊ ရေပြင်၊ မြေကြီးကိုပင် ပိုင်ဆိုင်ဦးထားကြလျက် သယံဇာတများကိုလည်း တစ်ဦးတည်းအသုံးပြုချင်ပါ၏။ မှားယွင်းသော သဘောဖြစ်လျက် စင်စစ်ဤအရာများကို မည်မျှသိမ်းပိုက်နိုင်ပါမည်နည်း။ မဟတ္တမဂန္ဒီက ဤကမ္ဘာကြီးသည် လူသားတိုင်း၏ လိုအပ်ချက်ကို ဖြည့်ပေးနိုင်ပါ၏။ သို့သော်လူတစ်ယောက်၏ လောဘကိုတော့ မဖြည့်နိုင်ပါ. . . ဟု မှတ်ချက်ပေးခဲ့ဖူးပါ၏။

သခင်ယေရှုက အလုပ်လုပ်၍ အားနည်းသောသူကိုမစပါ။ သူတစ်ပါးကို စွန့်ကြဲ၍ ကူညီရန်. . . သွန်သင်ခဲ့ပါသည်။ မိမိရသော ဆုကျေးဇူးကို သူတစ်ပါးအားဝေမျှဖို့ သခင်ယေရှုမိန့်တော်မူခဲ့သည်ကိုအောင့်မေ့ကြဖို့ တမန်တော်ဝတ္ထု၌ ဖတ်ရပါ၏။ ဝေမျှခြင်းအသက်တာသည် မင်္ဂလာရှိပါ၏။ စွန့်ကြဲခြင်း၊ ဝေမျှခြင်းမရှိလျှင် အသက်တာ၍ ကြီးကျယ်သော ကောင်းကြီးမင်္ဂလာများကို ဘုရားသခင်ထံမှ မည်ကဲ့သို့ မျှော်လင့်နိုင်မည်နည်း။

**ဇူလိုင်လ (၂၇) ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)**

သင်မူကား ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိပဲ၊ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုဆက်သခြင်းငှာ ကြိုးစားအားထုတ်လော့။ (၂တိ၊ ၂း၁၅)

## "နောက်မဆုတ်ရသောကြောင့်..."

ချောင်းသာ၏ မာလာမုန်တိုင်းမှ ပြန်ရောက်သောနေ့၌ပင် ကြေကွဲစရာသတင်းစကားကို ကြားရပါသည်။ မြန်မာကျမ်းစာကျောင်းအုပ် (ငြိမ်း) ဆရာမကြီးဒေါက်တာမေရီဒွန်းဘုန်းတော်ဝင်စားသွားခဲ့ပြီ. . . ဟူ၍ ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ အမှုတော်မြတ်မှာ ပါဝင်ခဲ့သူ (၁၉၆၆-၂၀၀၆) အထိ အသက်တာကို နှစ်ပေါင်းလေးဆယ်မျှ သမ္မာတရားအတွက် ဆက်ကပ်ခဲ့သူ ဆရာမကြီး ကောင်းကင်နိုင်ငံသို့ ပြန်သွားခဲ့ပါ၏။ ဓမ္မပညာမှာပါရဂူဘွဲ့ရ၍ မြင့်မားသော နေရာဌာနမှာ နှစ်ပေါင်းများစွာ လုပ်ဆောင်ခွင့်ရခဲ့သော ဆရာမကြီးသည် ရိုးသားနူးညံ့သော အသွင်အပြင်ရှိခဲ့သူဖြစ်ပါ၏။ တပည့်များစွာကို ဓမ္မပညာအမွေပေးနိုင်ခဲ့ပါ၏။ မိသားစုကို မေတ္တာများ၊ အလွမ်းများ၊ သတိရစရာများဖြင့် ပတ်စည်းနိုင်ခဲ့ပါ၏။ ပြန်စဉ်းစားကြည့်တော့ ဆရာမကြီးကို ဒုက္ခပေးသောသူများလည်း ရှိရာ ကျွန်တော်လည်း ပါပါသည်။ ဆရာမကြီး၏ခင်ပွန်းဆရာကြီးဝင်းနိုကို ကျွန်တော် အလွန်ခင်မင်ရာ မကြာခဏပင် မိသားစုအချိန်များကို ကျွန်တော် သွားခိုးယူခဲ့ပါ၏။ လက်ဘက်ရည်ဆိုင်များမှာ ကျွန်တော်ရေးသည့် ဝတ္ထုများအကြောင်းကို ဆရာ့အား ပြောပြရင်းသူတို့၏ မိသားစုအချိန်များကို ဖွဲ့ယူခဲ့ဖူးပါသည်။ တကယ်တော့ သာသနာတာဝန်အများကို ထမ်းဆောင်ရသော ဇနီးမောင်နှံမှာ ကိုယ်ကျိုးကိုများစွာပေးဆပ်အနစ်နာခံခဲ့ရပါ၏။

အပင်မြင့်၍ လေတိုက်ခံရသည်ဖြစ်စေ၊ ကိုယ်တော်၏ လက်ရုံးများဖြစ်၍ မာရ်နတ်ကလှည့်စားသည်ဖြစ်စေ၊ စိတ်ပျက်စရာများကို ကြုံရပါ၏။ တပည့်များ၏ ကိစ္စ၊ ကျွန်တော်တို့လို မိတ်ဆွေများ၏ ကိစ္စများ၌ ဆရာမကြီးသည် ကာကာကွယ်ကွယ် ပြုံးရုံမက အားပေးခြင်းအမြဲပြုပါ၏။ နောက်မဆုတ်ပါနဲ့. . . ဟု အားပေးကာ အမှုတော်မြတ်မှာ ဆက်လက်ပါဝင်ရန် တိုက်တွန်းတတ်သူဖြစ်ပါသည်။ ကျွန်တော်က. . . နောက်မဆုတ်ရုံမဟုတ်၊ ရှေ့သို့ဆိုပြီး တိုးပါလို့ ဆုံးမပါလားဟု အတွန့်တက်ဖူးပါ၏။ ဆရာမကပြုံး၍ နောက်မဆုတ်ဘူးဆိုတာပဲ တော်တော်ဟုတ်နေပါပြီ။ တိုက်ခိုက်မှုကြားမှာ နောက်မဆုတ်သေးဘူး။ နောက်မဆုတ်ရဘူးဆိုရင်ကိုကျေနပ်ပါပြီ။ တိုက်ခိုက်မှုကြားမှာ နောက်မဆုတ်သေးဘူး၊ နောက်မဆုတ်ရအောင်ပဲ နေပါဦးဟု ရှင်းပြခဲ့ပါ၏။

အသက်တာတွင် နောက်ဆုတ်ခဲ့ရသော အကြိမ်များစွာရှိပါ၏။ နောက်ဆုတ်လိုက်တာနဲ့ရှုံးသွားတာပါပဲ၊ နောက်မဆုတ်ရသေးဘူးဆိုလျှင် တော်တော်အခြေအနေကောင်းပါသည်။ တစ်နေ့မှာ ရှေ့တိုးခွင့်ရှိမှာပဲ ဟု မျှော်လင့်နိုင်ကြောင်း ဆရာမကြီးသွန်သင်ခဲ့တာကို အောက်မေ့မိပါသည်။ မိမိတို့၏ နေ့စဉ်အသက်တာ၊ မိမိတို့၏ ဝိညာဉ်ရေး၊ မိမိတို့၏ ပန်းတိုင်အတွက် အလောတကြီးပင် ရှေ့သို့ ရှေ့သို့ မရွေ့နိုင်သေးလျှင်လည်း စိတ်ပူစရာမရှိပါ။ မုန်တိုင်းတွေကြားမှာ လောက၏ စုံစမ်းမှုများကြားမှာ နောက်မဆုတ်ရသေးတာကိုပဲ ဝမ်းမြောက်လျက် ကျေးဇူးတော်ကို ချီးမွမ်း၍ ရှေ့ခရီးအတွက် မျှော်လင့်ကြပါစို့။



**ဇူလိုင်လ (၂၈) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

ထာဝရဘုရားကလည်း ဖတ်သောသူသည် ပြေး၍ ဖတ်နိုင်အောင် ဗျာဒိတ်ရူပါရုံကို သင်ပုန်းပေါ်မှာ အက္ခရာတင်၍ ရေးမှတ်လော့။ (ဟဗက္ကုတ်အနာဂတ္တိကျမ်း၊ ၂း၂)

## "လျှပ်တစ်ပြက်၌ပင်..."

တစ်နေ့သောနံနက်မှာ သင်းထောက်ကြီးတစ်ပါးသည် အလုပ်သွားဖို့ရန် ပြင်ဆင်နေပါသတဲ့။ ထိုအချိန်မှာပဲ ဇနီးဖြစ်သူ၏ မီးဖိုထဲမှ အော်ဟစ်သံကို ကြားသောအခါ ပြေး၍သွားပါသည်။ အို. . . သူမလက်ကို ဓားရှသွားတာကိုး။ နည်းနည်းလည်းမဟုတ်။ အများကြီးဖြစ်သောကြောင့် ဆေးထည့်၊ ပတ်တီးစည်းပြီး အနားယူခိုင်းရပါ၏။ ထို့နောက် ဇနီးသည်၏ နံနက်စာနှင့် နေ့လည်စာတာဝန်ကို သူ လုပ်ဆောင်ပါ၏။ သို့သော် လုပ်နေကျမဟုတ်သဖြင့် အဆင်မပြေပါ။ ပေါင်မုန့်များကို မီးကင်လျှင် တူးသွားပါ၏။ အသားကိုချက်တော့လည်း တူးသွားပြန်၏။ ကလေးတွေအတွက် ထမင်းဘူးကို ဖြစ်သလိုထည့်ပေးပြီးနောက် အလုပ်သွားရန် ကားနားသို့လာပါ၏။ ကားဘီးကလေမရှိဘဲ ပြားနေသည်ကိုတွေ့လျှင် စိတ်တအားတိုသွားပြန်သည်။

ကားဘီးကို လေထိုးပြီးမောင်းသွားစဉ် မီးဝါကိုမရပ်ဘဲ အမှတ်မဲ့ဖြစ်မိသဖြင့် ရဲကဖမ်းပါပြီ။ သင်းထောက်ကြီးက စိတ်ကိုအနိုင်နိုင်ထိန်းရင်း. . . 'ဟော့၊ ငါ. . . အလုပ်နောက်ကျနေလို့ အမြန်ကြီးမောင်းလာတာ။ မီးက ရုတ်တရက်ဝါလာတော့ အရှိန်မသတ်နိုင်ဘူး။ မင်း လိုင်စင်ယူမှာလား၊ ချလံမြန်မြန်ရေးကွာ။ အချိန်မရှိဘူး' ဟု ဒေါသံနှင့် ပြောသတဲ့။ ဒီတော့ ရဲကြီးက သူ့အနားကပ်လာကာ 'မိတ်ဆွေကြီးခင်ဗျား၊ ကျွန်တော်ခရစ်ယာန်မဖြစ်ခင်တုန်းကလည်း မိတ်ဆွေကြီးလိုပါပဲ၊ စိတ်တိုတယ်၊ ဒေါသပြင်းထန်တယ်၊ ခရစ်တော်ကိုလက်ခံပြီးတော့ ဘာမဆိုငြိမ်သာစွာ ပြောဆိုဆက်ဆံတတ်လာပါတယ်. . .' ဟု ပြောလျှင် သင်းထောက်ကြီးသည် မျက်နှာများနီရဲလာကာ 'တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော်က ခရစ်ယာန်တောင်မှ ရိုးရိုးမဟုတ်၊ သင်းထောက်ဆရာလည်း ဖြစ်ပါတယ်။ ဒါတောင်. . . ကျွန်တော် လုပ်ပုံကိုင်ပုံက ခရစ်ယာန်မဟုတ်သလို ဖြစ်ရတာ သတိရပါပြီ။ ဝမ်းနည်းပါတယ် မိတ်ဆွေ' ဟု ပြောပါသည်။

အသက်ရှင်သောအခါ ခရစ်ယာန်ဖြစ်ကြောင်း သိသာစေဖို့၊ ခရစ်တော်နည်းတူ အသက်ရှင်ဖို့ သွန်သင်ခြင်းမကြာခဏ ခံရပါသည်။ သို့သော် အကြပ်အတည်း၊ အခက်အခဲကြားမှာ သတိလက်လွတ်၍ ဘုန်းတော်ထင်ရှားစေဖို့ ခက်ခဲခဲ့ပါသည်။ ကျွန်တော်တို့၏ အားနည်းချက်ဖြစ်ပါ၏။ သို့သော်လည်းပဲ သင်းထောက်ကြီးကဲ့သို့ အမှန်ကို မြင်၍ ပြုပြင်လျှင် သခင်ဘုရား၏ ဘုန်းတော်ကို ထင်ရှားစေခွင့်ရှိပါသေးသည်။ ဖိလိပ္ပိအသင်းတော်သို့ သွန်သင်သောရှင်ပေါလု၏ ဩဝါဒစာ (၂း၄-၅)တွင်. . . 'ကိုယ်အမှုအရာကိုသာ မမှတ်ဘဲ၊ သူ့အမှုအရာကို အချင်းချင်းရှုမှတ်ကြလော့။ ယေရှုခရစ်၌ ရှိသော ထိုစိတ်သဘောကို သင်တို့လည်း ရှိစေကြလော့' ဟု ကျမ်းစာလာပါသည်။ ပရောဖက်ကြီးဟဗက္ကုတ်က ပြေး၍ဖတ်နိုင်အောင် အဓိပ္ပာယ်မှာ လျှပ်တစ်ပြက်ဖြစ်သော်လည်း ထင်ရှားသော အမှုအရာဖြင့် ယုံကြည်သူဖြစ်စေကြောင်း ဖော်ပြနိုင်ကြဖို့ ဟောပြောခဲ့ပါ၏။

သင်တို့အပြစ်သည် နီသောအဆင်းရှိသော်လည်း၊ မိုယ်းပွင့်ကဲ့သို့ဖြူလိမ့်မည်။ ကတ္တီပါနီနှင့်အမျှနီသော်လည်းသိုးမွှေးကဲ့သို့ဖြစ်လိမ့်မည်။ (ဟေရှာယအနာဂတ္တိကျမ်း၊၁း၁၈)

## "အမှိုက်များ"

တိုးတက်သောခေတ်ကြီးမှာ ဘာကိုပဲဝယ်ဝယ်ပလတ်စတစ်အိပ်တွေ ပေါပေါများများ ရပါသည်။ ကြက်ဥတစ်လုံးဖြစ်စေ၊ ခရမ်းသီးနှစ်လုံးဖြစ်စေ၊ ဒါမှမဟုတ် ကောက်ညှင်းပေါင်းငါးဆယ်ဖိုးဝယ်သည်ဖြစ်စေ ပလတ်စတစ်များကိုရသဖြင့် တစ်နေ့တစ်နေ့အိမ်ထဲသို့ ပလတ်စတစ်အိပ်ကလေးတွေ တသွင်သွင်စီးဝင်လာပါသည်။ ထိုအိပ်များကို နေ့စဉ်သိမ်းဆည်းရပါသည်။ မွေးနေ့ပွဲပြီးသော နောက်တစ်နေ့နံနက်မှာ အမှိုက်များကိုလှဲကျင်းရာ ကျန်ကျောင်းအိပ်ကြီးနှင့် နှစ်လုံးရပါသည်။ ဇနီးသည်ကပုံနေသော ပန်းကန်များကို တစ်နာရီမျှ ဆေးကြောရပါသည်။ ကလေးများကကျောင်းသွားနေသဖြင့် ပေစွန်းသွားသောစားပွဲခင်း၊ အဝတ်၊ လက်သုတ်ပုဝါ. . . စသည်တို့ကို လျှော်ရပြန်သည်။ သန့်ရှင်းရေး. . . အလုပ်များကို အချိန်တော်တော်ပေးပြီးလုပ်မှ. . . အိမ်ကလေးသည် သာတောင့်သာယာဖြစ်သွားပါ၏။

သို့သော်တစ်ရက်ပါပဲ။ နောက်တစ်ရက်ကျတော့ သားသမီးများလာလည်ရာ၊ မြေးများကလည်း ပါလာ၏။ ကလေးတွေ၊ လူကြီးတွေက ဝယ်ခြမ်းစားသောက်ပြီး ပြန်သွားကြရာ ကျွန်တော်တို့အိမ်ကလေးမှာ ပလတ်စတစ်အိပ်တွေ၊ စက္ကူဗူးတွေ၊ စားကြွင်းစားကျန်၊ ပုလင်း. . . စသည်တို့ဖြင့် ပွပြန်၏။ တစ်ခါလုပ်ရပြန်၏။ သန့်ရှင်းရေး။ သန့်ရှင်းရေးအလုပ်ကလုပ်၍မပြီးနိုင်။ မလုပ်ပဲပြစ်ထားလို့လည်းမရ။ မလုပ်ပဲနေလျှင်. . . အိမ်ကလေးမှာ ရှုပ်ပွပေကျံ၍ လူနေသောအရပ်ဟု ပြော၍မရတော့အောင် ဖြစ်သွားရုံမက၊ ရောဂါဘယနှင့် အကောင်ပလောင်တွေက ဝင်လာမှာဆိုတော့. . လုပ်ရမှာပဲ သန့်ရှင်းရေး။

သားငယ်က. . . တစ်နေ့တစ်နေ့ သန့်ရှင်းရေးက လုပ်နေရတာပဲနော်။ မလုပ်ရတဲ့နေ့ကိုမရှိဘူး. . . ဟု ညည်းတွားပါသည်။ မှန်ပါသည်။ ကျွန်တော်တို့အသက်တာ၌ အချိန်တော်တော်များများကို သန့်ရှင်းရေးအတွက် အသုံးပြုရပါ၏။ တစ်ကိုယ်ရေသန့်ရှင်းရေးကိုသာမက၊ မိသားစုသန့်ရှင်းရေး၊ နေအိမ်သန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို လုပ်နေရပါသည်။တစ်နည်းအားဖြင့် အညစ်အကြေးများကို ဆေးကြောပြစ်နေရပါသည်။ ဝိညာဉ်ရေးရာမှာကော သန့်ရှင်းရေးကိုလုပ်မိရဲ့လားဟု တွေးမိပါသည်။ လုပ်ဖို့ကော လိုအပ်ပါသလားဟု ဆင်ခြင်သောအခါ. . . အများကြီးလိုအပ်ပါသည်။ ကျွန်တော်တို့၏ စိတ်နှလုံးမှာ မသန့်ရှင်းသောအရာများ တသွင်သွင်စီးဝင်နေသည်ကို အမှုမဲ့အမှတ်မဲ့ထားလိုက်လျှင်. . . အပြစ်ဒုစရိုက်ကို စုဆောင်းမိမှာပါ။ မလှသောနှလုံး၊ ညစ်ပတ်သောနှလုံး၊ မစင်ကြယ်သောနှလုံးမဖြစ်စေဖို့ နှလုံးကိုသန့်ရှင်းစေဖို့လိုအပ်ပါသည်။ ဤကိစ္စအတွက် အချိန်ပေးရပါမည်။ နှုတ်ကပတ်တော်နှင့် ဆေးကြောလျက် စိတ်နှလုံးကို ဖြူစင်သန့်ရှင်းစေဖို့ကို လိုအပ်ပါသည်။ တဖန်တော်ကြီးရှင်ယောဟန်က. . . 'ကိုယ်တော်သည် ငါတို့အပြစ်များကို ဆောင်သွားခြင်းငှါ ထင်ရှားပေါ်ထွန်းတော်မူသည်ကို သင်တို့သိကြပါ၏. . . 'ဟု သတိပေးခဲ့ပါ၏။ (၁ယော၊ ၃း၅)





စိတ်နှလုံးနှိမ့်ချသော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား. . . ကောင်းကင်နိုင်ငံသည် ထိုသူတို့၏ နိုင်ငံဖြစ်၏။ (ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၅း၃)

## "နှိမ့်ချခြင်းအားဖြင့်..."

ပြည်သာယာဝတီနယ်မှ ဥက္ကဋ္ဌကြီးဆရာကြီးပေါ်မလေ့. . . အသည်းအသန်နာမကျန်းဖြစ်နေပြီ။ မကြာခင်မှာပင် ဘုန်းတော်ဝင်စားတော့မည်ဟူသော သတင်းကို ဘုတစ်ရာကျမ်းစာသင်တန်းမှာ ကြားရသောအခါ စိတ်မကောင်းနိုင်ခဲ့ပါ။ သူ့ထံသို့ သွား၍ နှုတ်ဆက်ချင်သော်လည်း ကိုယ်တိုင်ပင် မကျန်းမာသဖြင့် မသွားနိုင်၊ မရောက်နိုင်ခဲ့ပါ။ မကြာခင်မှာ တကယ်ပဲ ဆရာကြီးဘုန်းတော်ဝင်စားပြီဟု ကြားရသောအခါ ဝမ်းနည်းရပါ၏။ နှစ်ပေါင်းများစွာ သာသနာ့ဝန်ကို ကိုယ်ကျိုးစွန့်ဝန်ထမ်းခဲ့သူဆရာ့ကို ဂါရဝသွားပြုဖို့ကောင်းသော်လည်း မရောက်နိုင်ခဲ့ပါ။ ဆရာကြီး၏ အသက်၌ ထင်ရှားသောပုံသက်သေများစွာအနက် 'နှိမ့်ချခြင်း သင်ခန်းစာ' ကို လက်တွေ့ပြနိုင်ခဲ့ပါသည်။ ကိုယ်တိုင်နယ်ဥက္ကဋ္ဌဖြစ်သော်လည်း မာန်၊ မာန၊ အာဏာပြခဲ့ခြင်းမရှိ။ တစ်ခါက ငယ်သူတို့၏ အကြောက်အကန်ပြစ်တင်ခြင်းကို ခံရစဉ်၌ပင် နူးညံ့သောသဘောနှင့် တောင်းပန်ညှိနှိုင်းသော စကားကို ပြောသည်ကို တွေ့ခဲ့ရဖူးပါသည်။ သူ့နေရာမှာဆိုလျှင်တော့ တော်တန်ရုံနှိမ့်ချဖို့မလွယ်ပါ။

ဆရာကြီးသည် စာပေပရိယတ္တိ၌ ကျွမ်းကျင်လိမ္မာလျက် သမ္မာကျမ်းစာနောက်ခံသမိုင်းများကို နိုင်နင်းပါ၏။ 'ရှာရုန်အရပ်မှ နှင်းဆီပွင့်' ဝတ္ထုရှည်ကို ဆရာသည် ဖတ်၍ ဝေဖန်ထောက်ရှုပြုပြင်ပေးကာ အချက်အလက်တချို့ကို အားဖြည့်ပေးခဲ့ပါ၏။ ဆရာ၏ အသိအမြင် ရှုပါရုံတို့သည် ထက်မြက်ရှင်သန်လှပါ၏။ သို့သော် ထိုအကြောင်းအရာများပေါ်၌ တစ်ခါမျှ မဝါကြွားခဲ့ပါ။ ဆရာကအပျိုမကလေးတွေကို ကြည့်ရင်၊ ဒီအတိုင်းနေတာနဲ့စာရင် မခို့တရို့နေတာက ပိုလှတယ်မဟုတ်လား။ အနုပညာဆိုတာမျိုးကတော့ မခို့တရို့ကလေး ဖန်တီးမှ ပိုပြီး လှတာ. . . ' ဟု ပြောပြခဲ့ဖူးပါသည်။ ဒါပေမယ့် သာသနာ့တာဝန်မှာတော့ မခို့တရို့လုပ်လို့မရဘူးကွ။ အသေအလဲလုပ်ရတာမျိုး ဟု ဆက်၍သွန်သင်ခဲ့ပါသည်။ အနေစုတ်စုတ်၊ အပြောကျုံ့ကျုံ့နှင့် ဆရာကြီးသည် ဇနီးကိုသာမက၊ သားသမီးကိုပါ သာသနာ့ဘောင်ထဲ ခေါ်သွင်းကာ အားပါးတရ မိသားစုအမှုတော်ဆောင်ခဲ့ပါ၏။

ဆရာကြီး၏ ပညာ၊ သဘာ၊ ဝါ၊ ပါရမီအားနှင့်ဆိုလျှင် ထင်ရှားကျော်ကြား၊ ဥစ္စာပွားများ၍ အထူးကုဆေးခန်းများမှာ ဘုန်းတော်ဝင်စားဖွယ်ရှိပါ၏။ သို့သော်နှိမ့်ချခြင်းတရားကို လက်ကိုင်ထားလျက် ကျေးလက်အသင်းတော်အများ ဖွံ့ဖြိုးတိုးတက်ရန်၊ ဝိညာဉ်ရေးရာကြီးပွားရန်အတွက်၊ အိတ်ဟောင်းတစ်လုံး၊ အင်္ကျီပါးတစ်ထည်၊ ခါးဝတ်ခါးစားနှင့် ခရစ်တော်၏ လုပ်သားကောင်းပီသခဲ့သူပါ။ ရောက်လေရာရာ၌ သွန်သင်ခြင်း အမျိုးမျိုးကို ပေးလျက်ကောင်းသော ပုံသက်သေနှင့် အသက်ရှင်ခဲ့သော ဆရာကြီးသည် သခင်ဘုရား၏ ရင်ခွင်တော်၌ ဘုန်းတော်ဝင်စားခဲ့ပါပြီ။ ဆရာကြီး၏ ခရစ်တော်ကို ယုံကြည်သူဟာ အကြောင်းရှိလို့ မတ်တပ်ရပ်ရမယ်ဆိုရင်တောင် နှိမ့်ချခြင်းနဲ့ မတ်တပ်ရပ်ပါ. . . ဟူသော စကားကိုပဲ ဝေငှခွန်အားပေးပါရစေ။

**ဇူလိုင်လ (၃၁) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

မတရားသောသူတို့၏ တိုက်တွန်းခြင်းသို့ မလိုက်၊ လူဆိုးတို့၏ လမ်းတွင် မရပ်မနေ၊ မထီမဲ့မြင်ပြုသောသူတို့၏ အစည်းအဝေး၌ မထိုင်. . . . . . တရားတော်ကို နေ့ညမပြတ် ဆင်ခြင်သောသူသည် မင်္ဂလာရှိ၏။ (ဆာလံ၊ ၁း၁-၂)

# "ဆာလံတစ် ..."

တစ်ခါတုံးက. . . သိုးကျောင်းတဲ့ခွေးတွေနဲ့ မြေခွေးများ တွေ့ဆုံကြသတဲ့။ မြေခွေးများက စတင်ပြီး. . . "ဟေ့ကောင်တွေ။ မင်းတို့လည်းခွေး၊ ငါတို့လည်းခွေးပါပဲကွ။ ဘာဖြစ်လို့များ မင်းတို့က ငါတို့နဲ့လာပြီး မနေနိုင်ရတာလဲ. . . "ဟု မေးပါ၏။ သိုးကျောင်းခွေးများက. .

"ဘယ်နေနိုင်မှာလဲကွ၊ ကျုပ်တို့က ကျုပ်တို့သခင်အတွက် အလုပ်လုပ်နေရတော့၊ မအားပါဘူးဗျာ. . . "ဟု ပြန်ပြောလေ၏။ အခြားတစ်ကောင်က. . . "ကျုပ်တို့သခင်က သူ့သိုးတွေကို စောင့်ရှောက်ပေးတော့၊ သူကျုပ်တို့ကို ယုံကြည်တာပေါ့. . . "ဟု ဆက်ပြောပါသတဲ့။ မြေခွေးတွေကရယ်မောပြီး. . . 'ငအတွေ၊ ငတုံးတွေ။ ငါတို့ဆို အလုပ်လုံးဝမလုပ်ရပါဘူး။ ငါတို့ဆီလာပါ။ အစာတွေအများကြီးရှိပါတယ်။ လာကြည့်စမ်းပါကွာ. . . 'ဟု သွေးဆောင်ဖြားယောင်းလေ၏။ သိုးကျောင်းခွေးများက တိုင်ပင်ပြီး မြေခွေးများနောက်ကို လိုက်သွားကြသတဲ့။ မြေခွေးများကလည်း သိုးကျောင်းခွေးများကို တောထဲသို့ ခေါ်သွားပါ၏။ တောထဲသို့ရောက်လျှင်. . . မြေခွေးများက သိုးကျောင်းခွေးများကို ဝိုင်းဝန်းကိုက်သတ်ပြီး စားသောက်လိုက်သတဲ့။ အလိုက်မှားတဲ့သိုးကျောင်းခွေးများခမျာ ပျက်စီးခြင်းသို့ ရောက်ခဲ့ရပါသတဲ့။

ဆာလံဆရာက ပထမဆုံးသော ဆာလံတွင်. . . လူဆိုးတို့၏ လမ်း၌ မရပ်မနေဖို့ သွန်သင်သတိပေးပါသည်။ လူဆိုးတို့၏ လမ်းတွင် သွားပြီးရပ်နေပါက၊ တိုက်ခိုက်ခြင်းကို ခံရပါမည်။ သို့မဟုတ် ပူးပေါင်းဆောင်ရွက်၍ တစ်သားတည်းဖြစ်သွားနိုင်ပါ၏။ လူဆိုးတို့ကို ခွဲခြားသိနိုင်ရန် ခက်ခဲပါ၏။ တို့တွေက အတူတူပါပဲ. . . ဟူသော အပြောမျိုးကို ကြားဖူးရပါ၏။ သို့သော် အတူတူပဲဆိုသည့်အကြောင်း၌ပင် အချို့က. . . လူဆိုးဖြစ်၍ ဖြားယောင်းသွေးဆောင်မှုမှာ ကျွမ်းကျင်ကြပါသည်။ သိုးကျောင်းခွေးများသည် ဖြားယောင်းသွေးဆောင်မှုကို ခံရ၍ နောက်ဆုံးတွင် ပျက်စီးခြင်းသို့ ရောက်ခဲ့ရသည်နည်းတူ. . . လူဆိုးတို့၏ လမ်း၌ ရပ်နေမိပါက ဝိညာဉ်ရေးသာမက နေ့စဉ်အသက်တာမှာလည်း ပျက်စီးထိခိုက်သွားပါမည်။

မတရားသောသူတို့၏ တွန်းတွန်းခြင်းသို့မလိုက် လူဆိုးတို့၏ လမ်းတွင်မရပ်မနေ မထီမဲ့မြင်ပြုသော သူတို့၏ အစည်းအဝေးတွင် မထိုင်ကြရပါ။

ထာဝရဘုရား၏ တရားတော်၌ မွေ့လျော်၍ ဆင်ခြင်အောက်မေ့လျှင် တရားတော်၏ လမ်းပြမှု၊ သတိပေးကွယ်ကာမှုကြောင့် သွေးဆောင်သူများ၏ ထောင်ခြောက်မှလွတ်ကင်းရသော အခွင့်ရှိပါလိမ့်မည်။ ထိုသို့သောသူသည် မင်္ဂလာရှိ၏. . . ဟုကျမ်းစာလာပါသည်။ ကောင်းကြီးမင်္ဂလာကို ခံအပ်သောသူ၊ ခံရသောသူဖြစ်စေဖို့ ဆာလံတစ်ကို အစဉ်အမြဲ နှလုံးသွင်းကြပါစို့။